yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၁)ရက် ၊ သောကြာနေ့ ၊ (19-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၃၃)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ တက်ညီလက်ညီ ရှေ့သို့ချီ**
**ကိုယ်စီဆန္ဒ မဲပေးကြ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဒီဇင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ ခရစ်နှစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အမြတ်တနိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုကဲ့သို့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး

**စာမျက်နှာ ၁၈ ကော်လံ ၁**



ကောင်းမှုလုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊သစ်သီး၊ဆီမီး၊ပန်း၊ရေချမ်းများ ကပ်လှူပူဇော်စဉ်။



# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို

ပူတာအို ဒီဇင်ဘာ ၁၈

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်အား

**စာမျက်နှာ ၁၆ ကော်လံ ၁**


အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်

HRB-500 အမျိုးအစား Deformed Bar များကို စက်ရုံဈေးဖြင့်

ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇





ရတနာပုံ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်

**အယ်ဒီတာ့အာဘော်**

# ပြည်သူလူထုကျန်းမာရေး တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး

မြန်မာ့တိုင်းရင်းဆေးပညာသည် ရှေးအစဉ်အဆက်ကတည်းက ယနေ့အချိန်ထိ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးပါသည့် အခန်းကဏ္ဍကနေပါဝင်လျက်ရှိပေသည်။ ထို့ကြောင့် နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒများနှင့်အညီ တိုင်းရင်းဆေးပညာ၊ ဆေးဝါးများနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ပေးနိုင်ရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပခြင်းဖြစ်ပေသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၀၀ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခု ၂၀၂၅ ခုနှစ်တွင် ၂၄ကြိမ်မြောက်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါရှာဖွေကုသမှုနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စေရန်၊ ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ရှိ အပင်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံကို သိရှိနိုင်စေရန်၊ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပခြင်းဖြစ်ပေသည်။

**"ဒီနေ့အချိန်အခါဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက်(၄)ရပ်မှာ ပါဝင်တဲ့ "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဆိုတဲ့ ဦးတည်ချက်နဲ့အညီ အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်တဲ့ ကျန်းမာရေးကဏ္ဍကိုလဲ မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်"**ဟု ဒီဇင်ဘာ ၁၆ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးနှီးနှောဖလှယ်ပွဲတွင် Video Message ဖြင့် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရန်၊ ပြည်သူတစ်ရပ်လုံးကို တိုင်းရင်းဆေးဖြင့် ကျန်းမာရေးပိုမိုစောင့်ရှောက်ပေးနိုင်ရန်၊ မြန်မာ့တိုင်းရင်းဆေးများ အဆင့်အတန်းမြင့်စေရန်အတွက် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကိုဖွင့်လှစ်ပြီး မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။ ယခုအခါ တိုင်းရင်းဆေးပညာရပ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှစ၍ တိုင်းရင်းဆေးပညာပါရဂူဘွဲ့ ပထမအကြိမ်သင်တန်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပေသည်။

ပြည်သူများအနေဖြင့် အနောက်တိုင်းဆေးပညာနှင့် ဆေးဝါးများတိုးတက်လာသဖြင့် အသုံးပြုနေကြသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများသည်လည်း ကျန်းမာရေးအတွက် ဆက်လက်မှီခိုအားထားအသုံးပြုနေကြရမည်ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင်ရှိသည့် အပင်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံများကို သိရှိနားလည်ကာ မိသားစုကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ပြီး သက်ရှည်ကျန်းမာစွာ၊ ရောဂါဘယကင်းစွာနေထိုင်နိုင်မည် ဖြစ်ပေသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပခြင်းသည် တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ပိုမိုစောင့်ရှောက်နိုင်စေရန်အတွက်ဖြစ်သည်။ သို့ဖြစ်ရာ "ပြည်သူလူထုကျန်းမာရေး၊ တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ပေး"ဟူသော ဆောင်ပုဒ်အရ ပြည်သူလူထုကို နေ့စဉ်မျှတစွာပြုမူနေထိုင်စားသောက်တတ်စေရန်အတွက် တိုင်းရင်းဆေးပညာရှင်များက ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများကျန်းမာရေးသုခနှင့် ပြည့်ဝသည့်လူမှုဘဝများ ရရှိစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။


၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၉ ရက် သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၁၂ ဧက စိုက်ပျိုးပြီးစီး



**ချောင်းဦး ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၅၄၀၀ စိုက်ပျိုးရန် လျာထား ပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၄၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်းဧက ၁၅၄၀၀ လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၁၅၄၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးမှုအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ငါးသလောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင်ဒေသထွက်ငါးသလောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်ပြီး ယနေ့ထိ ငါးသလောက်များ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိ အဆိုပါ ငါးသလောက်များ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ တစ်ရက်အတွင်း ငါးသလောက်ပိဿာချိန် ၄၅၀၀ ထိကို အရောင်းအဝယ်ဖြစ်နေတာပါ။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ငါးသလောက်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ ပြန်လည်တင်ပို့ရောင်းချနေတယ်လို့သိရပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၅၀၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ကြီးမြို့နယ် ဆောင်းငုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ဆောင်းငုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဆောင်းငုံး ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်၊ စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆောင်းငုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းထံမှ သိရသည်။

မောင်ခိုင်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့ ရွှေတောင်ကြားနေ အလှူရှင် ဦးကျော်ဌေး-ဒေါ်မြင့်မြင့်ဆွေမိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယက ဒေါက်တာဦးမိတ်နှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် နေကြာ ၆၇၅၃ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၉၀၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးဝမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၆၇၅၃ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၉၀၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ကေ ဆီထွက်ရှိမှုကကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မိုးညိုမြို့နယ် ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးညို ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျီးပင်စုကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျီးပင်စုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉၂ ဦးကို ငွေကျပ် ၃၈ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၅ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အေးမြတ်

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံများ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်း ဈေးကွက်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနေရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဈေးကွက်ထဲမှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ် ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ ရေကြည်မြို့နယ် ဒေသထွက်ကုန်သီးနှံတွေကို ဒေသပွဲရုံတွေကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ နိုဝင်ဘာလထဲမှာ ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေး က ပြောပြသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ရေကြည်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပဲစင်းငုံ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပဲစင်းငုံများ တင်ပို့ရောင်းချလာရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ကောင်းကျိုးလိုလားသူတွေ လိုရာဆန္ဒပြည့်ဝကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ ဆန္ဒကို ရှေ့တန်းတင်လွန်းရင် တော်တော်ဒုက္ခရောက်ကြလေ့ရှိတယ်နော်"

"မင်းက ဘာကိုဆိုလိုချင်တာလဲကွ"

"ဒီလိုပါကွာ၊ လူ့လောကမှာ လူတိုင်းဟာ လိုလားချက်တွေ ကိုယ်စီရှိနေကြတယ်မဟုတ်လား။ အဲဒီလိုလားချက်တွေကိုဖြည့်ဆည်းကြတဲ့နေရာမှာ အတ္တနဲ့ပရ မျှတကြရင်တော့ ပြဿနာမရှိကြဘဲ ပြေလည်လေ့ရှိတယ်။ အတ္တနဲ့ပရမမျှကြရင်တော့ ပြဿနာတွေဖြစ်ပေါ်လာလေ့ရှိကြတယ်။ ပြဿနာဆိုတာက အကြီးအငယ် အသွယ်သွယ်ရှိကြတယ်။ တစ်ချိန်က မှုခင်းဂျာနယ်တွေမှာ ဖော်ပြပေးနေကြတဲ့ မှုခင်းကြီးငယ် အသွယ်သွယ်ဆိုတာ ဆန္ဒက စခဲ့တာတွေချည်းပဲကွ"

"ငါ့သူငယ်ချင်းက တယ်ဟုတ်နေပါလားကွ၊ မင်းဒီစကားတွေကို ခြေဆင်းသဘောမျိုးပြောနေတာဟာ အကြောင်းရင်းရှိရမယ်။ အဲဒီအကြောင်းရင်း လိုရင်းကိုပဲ ရှင်းပြစမ်းပါကွာ"

"ဒီလိုကွ၊ တို့ရပ်ကွက်ထဲမှာ ပျက်နေတဲ့လမ်းတွေကို ကွန်ကရစ်လမ်းခင်းဖို့ တိုင်ပင်ညှိနှိုင်းကြတဲ့အခါမှာ သူ့လမ်းစခင်းမယ်၊ ငါ့လမ်းစခင်းမယ်ဆိုပြီးတော့ ငြင်းခုန်ကြရင်းက အချင်းများ၊ အမုန်းပွားကုန်ကြတယ်ကွာ။ မကြီးမငယ်အရွယ်တွေဖြစ်ပြီး တရားမရကြသေးတာကို မြင်တွေ့နေရတော့ သြော်...မှုခင်းတွေဖြစ်ပွားနေကြရတာဟာ ဒါကြောင့်ပါလားဆိုတဲ့ သံဝေဂကို ငါရခဲ့တယ်ကွ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ၊ လိုရင်းကိုချုပ်လိုက်ရင် ဆန္ဒရဲ့မြစ်ဖျားခံရာက အတ္တ၊ အတ္တရဲ့အရင်းခံက စိတ်ပဲ၊ ဘယ်အရာမဆို စိတ်ကသာ အဓိကကွ၊ စိတ်ကို မချုပ်တည်းနိုင်ကြလို့သာ မီး(၁၁) ပါး၊ ကိလေသာ(၁၄) ပါး ဖြစ်ပေါ်နေကြတာကွ"

"ငါနားလည်အောင် ရှင်းပြစမ်းပါအုံးကွာ"

"မီး(၁၁)ပါးဆိုတာက (၁) ရာဂမီး(အလိုရမ္မက်)၊ (၂) ဒေါသမီး(ပြစ်များပုတ်ခတ်)၊ (၃) မောဟမီး (အမှန်မသိ)၊ (၄) ဇာတိမီး(ပဋိသန္ဓေနေ)၊ (၅) ဇရာမီး(အို)၊ (၆) မရဏမီး(သေ)၊ (၇) သောကမီး(စိုးရိမ်ပူဆွေး)၊ (၈) ပရိဒေဝမီး(ငိုကြွေးရှိုက်ငင်)၊ (၉) ဒုက္ခမီး (ကိုယ်ဆင်းရဲ)၊ (၁၀) ဒေါမနဿမီး(စိတ်ဆင်းရဲ)၊ (၁၁) ဥပါယာသမီး(ဆို့တက်မေ့မြောသွားခြင်း) စတာတွေပဲကွ…

ကိလေသာ(၁၀)ပါးက (၁) လောဘ(ကာမဂုဏ်ငါးပါး၌ သာယာခင်မင် လိုချင်တက်မက်ခြင်းသဘော)၊ (၂) ဒေါသ(ကြမ်းတမ်းဖျက်ဆီးပြစ်မှားခြင်းသဘော)၊ (၃) မောဟ(အကြောင်းအကျိုးကို အမှန်မသိတွေဝေမိန်းမောခြင်းသဘော၊ (၄) မာန(စိတ်ထောင်လွှားတက်ကြွခြင်းသဘော)၊ (၅) ဒိဋ္ဌိ(အယူမှားခြင်း၊ အမှားကိုသိမြင်စွဲလမ်းခြင်းသဘော)၊ (၆) ဝိစိကိစ္ဆာ ("မယုံတယုံ" တွေးတောယုံမှားခြင်းသဘော)၊ (၇) ထိန(ကုသိုလ်ထဲ၌ စိတ်မခံ့ခြင်း၊ လျော့ပါးဆုတ်နစ်ခြင်းသဘော)၊ (၈) ဥဒ္ဓစ္စ(စိတ်၏ကောင်းမှုမှ ပျံ့လွင့်တုန်လှုပ်ခြင်းသဘော)၊ (၉)အဟိရိက (မကောင်းမှုမှ မရှက်ခြင်းသဘော)၊ (၁၀) အနောတ္တပ္ပ (မကောင်းမှုမှ မကြောက်မလန့်ခြင်းသဘော) တွေပဲကွ…

အဲဒါတွေရဲ့အချုပ်က မကောင်းမှုပြုဖို့ အရှက်အကြောက်ရှိရမယ်ဆိုတဲ့ ဟီရိဩတ္တပ္ပ လောကပါလတရား နှစ်ပါးကင်းမဲ့နေကြခြင်းပဲတဲ့။ မရှက်တာ၊ မကြောက်တာဟာ ဆန္ဒကို လှုံ့ဆော်ပေးတဲ့ စိတ်ပဲကွ။ ဒါကြောင့် ငါ့ကို ဆရာတော်တစ်ပါးက 'ဟယ်... စိတ်.... နင်ခိုင်းတိုင်းငါမလုပ်"ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး စိတ်အလို ကိုယ်မပါအောင် အသိသတိရှိပါလို့ မှာကြားခဲ့ဖူးတယ်ကွ…

သိပ်မှန်တဲ့စကားကွ။ လူတွေဟာ ကောင်းမှုထက် မကောင်းမှုကို ပိုပြီးမွေ့လျော်လေ့ရှိကြတယ်။ ဥပုသ်စောင့်ဖို့ခေါ်ရင် မလိုက်ချင်ကြပေမဲ့ ဘီယာနဲ့အရက်သောက်ဖို့ခေါ်ရင်တော့ လိုက်ချင်ကြတယ်။ တစ်နာရီပြည့်အောင် တရားမထိုင်နိုင်ကြပေမဲ့ တစ်ညလုံး၊ တစ်နေ့လုံးထိုင်ပြီး ပိုကာဒေါင်းလောင်းကစားနိုင်ကြတယ်။ အရက်ဝင်လာရင် အသိစိတ်ပျောက်ပြီး အရှက်အကြောက်ကင်းမဲ့လာကြတယ်။ ခိုက်ရန်ဖြစ်ပွားဖို့ ဝန်မလေးကြသလို ဇက်ရဲလက်ရဲ လူသတ်ရဲလာကြတယ်။ မောဟစိတ်ကြောင့် ရာဂတဏှာစိတ်တွေဝင်လာပြီး သူတစ်ပါးသားမယားနဲ့ သမီးပျိုလေးတွေကို စာနာစိတ်ကင်းမဲ့လွန်းစွာနဲ့ စော်ကားပြစ်မှားဖို့လဲ ဝန်မလေးကြတော့ဘူး။ လောဘစိတ်ကြောင့် အတ္တမီးတောက်လောင်ပြီး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောထားလာကြတယ်။ ဒါကြောင့် မှုခင်းကြီးငယ် အသွယ်သွယ် ဖြစ်ပေါ်နေကြတာပေါ့ကွာ…

ညဥ့်ငှက်ကိုတည်ကြက်လုပ်ပြီး ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်ကို ရိုက်နှက်လုယက်ကြတာပေါ့ကွ။ လုယက်ခံရတာတစ်ခဏပါ။ တစ်ဘဝခံလိုက်ရတာက AIDS ရောဂါပဲကွ။ ဒါကြောင့် အချို့ခရီးသည်တွေ လမ်းမှာအရေးတကြီးကိစ္စရှိလို့ ကုန်ကားကိုတားရင် ဘယ်တော့မှရပ်မပေးဘူး။ ညဥ့်ငှက်သူယောင်မယ် ပြည့်တန်ဆာတွေက ကိုယ်ယောင်လေးထွက်ပြလိုက်တာနဲ့ အရှိန်ပြင်းပြင်းနဲ့ မောင်းလာတဲ့ကားဟာ ချက်ချင်းကိုရပ်ပေးလိုက်ကြတာပဲကွ။ ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကိုမမြင်နိုင်တော့ ပါလာတဲ့ ကုန်ဖိုးငွေတွေ အလုခံကြရတာပေါ့ကွာ…

လူလည်ကားပွဲစားတစ်ဦးဟာ ဇနီးကြီးရှိပါလျက်နဲ့ မိန်းမလည်တစ်ဦးနဲ့ အပျော်တွဲပြီး ဟိုတယ်မှာ အပတ်စဉ် ပျော်ပါးနေခဲ့ကြတယ်။

**❖ ဆိုလိုတာကကွာ၊ စိတ်အလိုကိုယ်မပါကြဖို့ပါပဲ။ ဒီနေရာမှာလဲ စိတ်အလိုကိုယ်ပါမှု၊ မပါမှုကို ခွဲခြားနားလည်ထားကြဖို့လိုတယ်။ ကောင်းကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်ပါရမယ်။ ဆိုးကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်မပါအောင် အသိသတိရှိကြဖို့လိုတယ်။ ကျောင်းသားအရွယ်မှာ စာမေးပွဲအောင်မြင်အောင် စိတ်ပါလက်ပါ ကြိုးစားကြရမယ်။ အောင်မြင်ချင်တဲ့ရည်မှန်းချက် စိတ်အလိုကို စာကြိုးစားမှုဆိုတဲ့ ကာယကံမြောက်ထိရောက်အောင် လက်တွေ့ ကြိုးစားကြဖို့လိုတယ်။ ကျောင်းပြေးချင်တာ စာမကြိုးစားချင်ဘဲ တေပေလေလွင့်ချင်တဲ့စိတ်အလိုကို ကိုယ်မပါအောင် ထိန်းချုပ်ထားနိုင်ကြဖို့လိုတယ်… ❖**

စိတ်အလိုကိုယ်လိုက်ပါများရင် ခိုက်တတ်တယ်ကွ။ ခိုက်တယ်ဆိုတာ ကိုယ်ကျိုးစီးပွားပျက်စီးတာကိုပြောတာ။ လက်တွေ့ဖြစ်ရပ်မှန်မှုခင်းတွေထဲက သာဓကတချို့ကို ပြောပြမယ်။ အပျော်အပါးကို လိုက်စားချင်လွန်းတဲ့ ဝါသနာပါသူတချို့ဟာ လည်ပါများတဲ့ဘီး ချီး(ချေး)သင့်သလိုပဲ၊ ဘေးသင့်ကြလေ့ရှိတယ်ကွ။ မိန်းကလေးတွေကို မြင်ရင်ငန်းငန်းတက်ဖြစ်လေ့ဖြစ်ထရှိကြသူတွေ၊ မလည်မဝယ်ဘဲ အကဲစမ်းချင်ကြသူတွေဟာ ထောင်ဖမ်းခံကြရတယ်။ ငွေညှစ်ခံကြရတယ်။ ပြည့်တန်ဆာလို မိန်းမမျိုးကို တွဲမိလို့ မယားခိုးမှုနဲ့ ငွေညှစ်ခံကြရတာတွေ အများကြီး ရှိခဲ့တယ်ကွ…

တစ်နေ့ ကားတစ်စီးရောင်းပြီး အောင်ပွဲအဖြစ် ဟိုတယ်မှာ ညအိပ်ခဲ့ကြတယ်။ မနက်မိုးလင်းတော့ ကားရောင်းရတဲ့ငွေတွေရော မိန်းမလည်ပါမရှိတော့ဘူး။ ဆက်သွယ်ပေးတဲ့ သူ့သူငယ်ချင်းကိုမေးတော့ လဲမသိဘူးတဲ့။ ကျောချမှ ဓားပြမှန်းသိသွားတဲ့ ကိန်းပဲကွ…

နယ်မြို့တစ်မြို့က လုပ်ငန်းရှင်တစ်ဦးကို မိန်းကလေးနဲ့မျှားပြီး ငွေ ၁၆ သိန်းလုသွားခဲ့ကြလို့ အမျိုးသမီးနဲ့ ကြံရာပါအမျိုးသားကို ထောင်ဒဏ်ခုနစ်နှစ်စီချခဲ့သလို ဆက်သွယ်ပေးတဲ့ ဆိုက်ကားသမားကိုလဲ ထောင်ဒဏ်ခြောက်နှစ်ချခဲ့ဖူးတယ်ကွ…

အဝေးပြေးကုန်တင်ကားကြီးတွေကို မောင်းနှင်နေကြတဲ့ ယာဉ်မောင်းတွေနဲ့ ယာဉ်နောက်လိုက်တွေဟာ မကြာခဏခံကြရတယ်။ သူတို့က ညဘက်မှာ မောင်းနေကျဆိုတော့၊ ညဘက်မှာထွက်တဲ့ ညဥ့်ငှက်တွေနဲ့ အပေးအယူရှိကြတယ်။ ဥပမာပြောရရင် တစ်ချိန်က ရန်ကုန်-မန္တလေးလမ်းဟောင်းမှာ ဖြစ်ပွားခဲ့ကြတာတွေပေါ့ကွာ။ ပဲခူးအလွန်မှာတွေ့တဲ့ ညဥ့်ငှက်ကိုခေါ်သွားပြီး ညောင်လေးပင်၊ ကျောက်တံခါးမှာချပေးခဲ့ကြတယ်။ ညဥ့်ငှက်တွေကလဲ အဲဒီမှာတွေ့တဲ့ဖောက်သည်ကုန်ကားနဲ့ ပဲခူးဘက်ပြန်လာခဲ့ကြတယ်။ သူတို့အတွက် အသွားအပြန်ခရီးမှာ ဖောက်သည်ရရင် ဝင်ငွေကောင်းနေလေတော့ ဒီအလုပ်ပဲလုပ်စားနေကြတာပေါ့ကွာ…

အဲဒါကို အခွင့်ကောင်းယူပြီး လုယက်သူတွေက

အလားတူဖြစ်ရပ်မျိုးပဲ တောကတက်လာသူနှစ်ဦးဟာ ပါလာတဲ့ခနိတွေရောင်းချပြီး အရက်သောက်ခဲ့ကြတယ်။ အရက်သောက်ပြီး ဆိုက်ကားငှားတော့ ဆိုက်ကားသမားက ပျော်ပါးချင်ရင် လိုက်ပို့ပေးမယ်ဆိုပြီး အိမ်တစ်အိမ်ကို ခေါ်သွားခဲ့တယ်။ အဲဒီအိမ်ရောက်တော့ ဈေးညှိပြီး ပျော်ပါးဖို့စီစဉ်နေတုန်းမှာ အခြားမိန်းကလေးတစ်ယောက်က အဖေပြန်လာပြီလို့ပြောတာနဲ့ အိမ်ထဲက ပြန်ထွက်လာခဲ့ကြရတယ်။ အိမ်အပြင်လဲရောက်ရော သူတို့ငွေတွေ မရှိတော့ဘူး။ ဒီတော့ သောက်စားထားတဲ့ အရက်သွေးကလဲ ဆူကြွလာတော့ ဆင်ခြင်အသိမရှိကြတော့ဘဲ ဆိုက်ကားသမားကို သတ်လိုက်ကြတယ်…

အခု ငါပြောခဲ့တဲ့ လုယက်မှုနဲ့ လူသတ်မှုတွေမှာ မိန်းမလိုက်စားကြလို့ ဖြစ်ပွားခဲ့ကြရတာချည်းပဲကွ။ ဒါကြောင့် **"မဃဒေဝလင်္ကာ"**မှာ…

**ညစ်ညူးရာဂ၊ ကိလေသဖြင့်၊ တဏှာ့လိုလိုက်၊ ဒုစရိုက်နှင့်၊ အမိုက်အားကိုး၊ ပုဂ္ဂိုလ်မျိုးကား၊ အကျိုးမဲ့စွာ၊ အပြစ်သာရှင်လို့ဆိုထားသလို… ကာမရောဂါ၊ ဝမ်းတွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိဘူး၊ မိမိပညာ၊ သတိသာလျှင်၊ မဟာဩသဓ၊ ဆေးမည်စွရှင့်လို့** သတိပေးထားတယ်ကွ…

တကယ်တော့ တဏှာရာဂ ကိလေသဆိုတာ စိတ်ပါပဲကွာ။ စိတ်အလိုကိုယ်လိုက်နေကြလို့ လူမိုက်တွေဖြစ်နေကြတာကွ။ အဲဒီလိုပဲ လူ့ဘဝကြီးပွားတိုးတက်မှုမှာလဲ အဓိကကျတာက စိတ်ပဲကွ။ စာဆိုဂျင်ဒီလာ ဖောင်(န်)တိန်း (Jean De La Fontaine) **(The noblest victory is to conquer one's own heart) ကိုယ်စိတ်နှလုံးကို ထိန်းချုပ်အောင်မြင်နိုင်ခြင်းဟာ အမြင့်မြတ်ဆုံးစွမ်းဆောင်အောင်မြင်မှုပါပဲ"**လို့ ထောက်ပြခဲ့တယ်ကွ…

ဆိုလိုတာကကွာ၊ စိတ်အလိုကိုယ်မပါကြဖို့ပါပဲ။ ဒီနေရာမှာလဲ စိတ်အလိုကိုယ်ပါမှု၊ မပါမှုကို ခွဲခြားနားလည်ထားကြဖို့လိုတယ်။ ကောင်းကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်ပါရမယ်။ ဆိုးကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်မပါအောင် အသိသတိရှိကြဖို့လိုတယ်။ ကျောင်းသားအရွယ်မှာ စာမေးပွဲအောင်မြင်အောင် စိတ်ပါလက်ပါကြိုးစားကြရမယ်။ အောင်မြင်ချင်တဲ့ရည်မှန်းချက် စိတ်အလိုကို စာကြိုးစားမှုဆိုတဲ့ ကာယကံမြောက် ထိရောက်အောင် လက်တွေ့ကြိုးစားကြဖို့လိုတယ်။ ကျောင်းပြေးချင်တာ စာမကြိုးစားချင်ဘဲ တေပေလေလွင့်ချင်တဲ့စိတ်အလိုကို ကိုယ်မပါအောင် ထိန်းချုပ်ထားနိုင်ကြဖို့လိုတယ်…

စီးပွားရေးလောကမှာလဲ ကြီးပွားချင်ရင် ကြီးပွားအောင် ပြုမူကျင့်ကြံကြဖို့လိုတယ်ကွ။ တို့ဗုဒ္ဓမြတ်စွာဘုရားက လူမှုရေး၊ စီးပွားရေး၊ ကြီးပွားတိုးတက်စေဖို့အတွက် "သမ္ပဒါတရား ရှစ်ပါး"ကို ဟောကြားခဲ့တယ်ကွ…

(၁) ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လဝီရိယနှင့်ပြည့်စုံမှု၊<br>
(၂) အာရက္ခသမ္ပဒါ = ရပြီးဥစ္စာကို သိမ်းဆည်းတတ်မှု၊<br>
(၃) ကလျာဏ မိတ္တတာ = အပေါင်းအသင်းဆန့်မှု၊<br>
(၄) သမဇီဝိတတာ = ချွေတာရေးတတ်သည့်လိမ္မာမှု၊<br>
(၅) သဒ္ဓါသမ္ပဒါ = သဒ္ဓါနှင့်ပြည့်စုံမှု၊<br>
(၆) သီလသမ္ပဒါ = သီလနှင့်ပြည့်စုံမှု၊<br>
(၇)စာဂသမ္ပဒါ = စွန့်ကြဲပေးကမ်းတတ်မှု၊<br>
(၈) ပညာသမ္ပဒါ = နေရာတကာအမှန်သိတတ်မှု၊

အဲဒီစိတ်က ကောင်းကျိုးပြုတဲ့စိတ်ပဲကွ....

ကောင်းကျိုးမပြုတဲ့စိတ်ကြောင့် စည်းစိမ်ဥစ္စာပျက်စီးကြရတဲ့ အကြောင်းရင်းခြောက်ပါးရှိတယ်…

(၁) သေရည်သေရက်စသောမူးယစ်ပစ္စည်းသုံးစွဲမှု<br>
(၂) အချိန်အခါမဲ့ ခရီးသွားလာလေ့ရှိမှု<br>
(၃) ပျော်ပွဲသဘင်တို့ကို သွားလာကြည့်ရှုရှိမှု<br>
(၄) လောင်းကစားပျော်ပါးလွန်းမှု<br>
(၅) မကောင်းတဲ့ အပေါင်းအသင်းတွေနှင့် ပေါင်းသင်းမှု<br>
(၆) ပျင်းရိထိုင်းမှိုင်းမှုတွေပဲကွ…

အဲဒီအကြောင်းတရားခြောက်ပါးဟာ ကောင်းကျိုးမပြုတဲ့စိတ်ကြောင့်ဖြစ်ပေါ်ရတာကွ။ ဒါကြောင့် စိတ်အလို ကိုယ်မပါကြဖို့ ပြောဆိုဆုံးမ လမ်းညွှန်ပြနေကြတာပေါ့ကွာ။ ဒါကြောင့် ငါက ကောင်းမှုမြတ်နိုးကောင်းအောင်ကြိုး၍ ကောင်းကျိုးလိုလားသူတွေသာ စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝကြပါစေလို့ မေတ္တာပို့ဆုတောင်းစကားကို ထပ်တိုးပြောင်းလဲလိုက်ချင်တယ်ကွာ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ"

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၇၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၇၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၆၉၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၁၇၅၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ရှစ်ဧက စုစုပေါင်း ၁၇၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကောလင်းခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲဧက ၆၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိဧက ၁၇၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## မနုဖြူမြို့နယ်တွင်ဒေသထွက် ငါးမြွေထိုးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မနုဖြူ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မနုဖြူမြို့နယ်တွင် ဒေသထွက်ကုန် ငါးမြွေထိုးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မနုဖြူမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြ၍ သိရသည်။

မနုဖြူမြို့နယ်တွင် ယခုနှစ် ဒီဇင်ဘာလပထမပတ်မှ ယနေ့ထိ ဒေသထွက်ကုန် ငါးမြွေထိုးခြောက်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ဒေသထွက်ငါးမြွေထိုးခြောက်များကို ဒေသတွင်းဈေးကွက်အပြင် ပုသိမ်၊ ရန်ကုန်စသည့်မြို့များက ယူမှုများနေကြောင်း သိရသည်။

"အခုလ ပထမပတ်လောက်ကတည်းက အရောင်းသွက်ခဲ့တာပါ။ လက်ရှိတော့ ပုံမှန်ထက်တော်တော်လေးကို အရောင်းသွက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးခြောက်တွေကို မှာယူအားတက်နေလို့ပါ။ ငါးမြွေထိုးခြောက်လုပ်ငန်းက ဒေသခံတွေရဲ့ ဒေသစီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အခုလို ငါးမြွေထိုးခြောက်တွေ မှာကုန်များလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းလုပ်ကိုင်သူတွေလဲ အဆင်ပြေလာပါတယ်"ဟု မနုဖြူမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

မနုဖြူမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးအစိမ်းများကိုဝယ်ယူကာ အချို့ အငံအဖြစ် အခြောက်လှန်းပြီး ပြုလုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း မနုဖြူမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



## နိုင်ငံ့အတွက် ဂုဏ်ယူသည်

\- ပြည်သူ့အတွက်လျှင် စိတ်အစဉ်မှာ
လျင်မြန်လှုပ်ရှား စစ်ကစားဖို့
စိတ်အားထက်သန် ဇာတိမာန်နှင့်
နိုင်ငံတစ်ဝန်း လွှန်အေးချမ်းစေ
ထမ်းရွက်နေသည် ပြည့်ဇာနည်
ပြည်သူ့စစ်မှုထမ်း ပါဝင်သည်။

\- ပြည်သူ့စစ်မှုထမ်း ပြည့်ဝန်ထမ်းမို့
ရှင်လန်းပါစေ ပြည်သူတွေဘဝ
လှပပျော်ရွှင် ရှိစေချင်၍
စစ်ဆင်နွဲပျော် တပ်မတော်မှာ
တွေးခေါ်မမှား ဇာနည်များဟု
အားနှင့်မာန်နှင့် ပြည့်ဂုဏ်တင့်
လေ့လာလေ့ကျင့် မြဲအသင့်။

\- စိတ်ဓာတ်စည်းကမ်း သစ္စာလမ်းမှာ
ရည်မှန်းမြော်တွေး ပြည့်ရှေ့ရေးတွင်
အရေးသုံးပါး ဦးထိပ်ထားလျက်
လေးပါးသစ္စာ စောင့်ထိန်းကာဖြင့်
ကျရာတာဝန် ထမ်းကျေပွန်သည့်
ပြည့်မွန်သားကောင်း ဖြစ်တော့သည်။

\- ပြည်သူ့စစ်မှုထမ်း များသင်တန်းမှာ
ရှင်လန်းတက်ကြွ ရောက်လာကြသည့်
များလှလူငယ် တွေ့မြင်ဖွယ်ကြောင့်
ကာကွယ်စွမ်းအား စဉ်တိုးပွားပြီ
ပေးထားတာဝန် ထမ်းကျေပွန်မည့်
ပြည့်မွန်ဇာနည် ဖြစ်ကြပြီ။
နိုင်ငံအတွက် ဂုဏ်ယူသည်။ ။

**အာကာမောင်မောင်**

## ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးတံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ



# အမေရိကန်၏ အဆိုပြုချက်ကိုလက်မခံပါက ယူကရိန်းနယ်မြေများ ထပ်မံရယူမည်ဟု ရုရှား ပြောကြား

**မော်စကို ဒီဇင်ဘာ ၁၈**

အမေရိကန်အစိုးရ၏ ယူကရိန်း ငြိမ်းချမ်းရေး အဆိုပြုချက်များကို ယူကရိန်းနှင့် ဥရောပနိုင်ငံများက လက်ခံခြင်းမရှိခဲ့ပါက ယူကရိန်း နယ်မြေများကို စစ်အင်အားသုံး၍ ထပ်မံရယူမည်ဟု ရုရှားသမ္မတ ပူတင်က ဒီဇင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့ကြောင်း RT သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အစိုးရသည် ၎င်း၏ ယူကရိန်းပဋိပက္ခ ပြီးဆုံးရေး အဆိုပြုချက်များနှင့် ပတ်သက်၍ ရုရှား၊ ယူကရိန်း၊ ဥရောပတို့နှင့် သီးခြားဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း အပြီးသတ် သဘော တူညီချက် ရယူနိုင်မှုမရှိသေး ကြောင်း သိရသည်။

အထူးသဖြင့် ပဋိပက္ခပြီးဆုံးရေး အတွက် ယူကရိန်းနယ်မြေများ စွန့်လွှတ်ရမည့် အရေးအတွက် ယူကရိန်းနှင့် ဥရောပမဟာမိတ်များက စိုးရိမ်လျက်ရှိသည်။

သို့ရာတွင် ယူကရိန်းနှင့် ဥရောပ တို့အနေဖြင့် အမေရိကန်အစိုးရ၏ ငြိမ်းချမ်းရေး အဆိုပြုချက်များကို လက်မခံခဲ့ပါက ယူကရိန်းနယ်မြေ များကို စစ်အင်အားသုံး၍ ထပ်မံ သိမ်းယူရလိမ့်မည် ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က သတိပေး ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် လက်ရှိအချိန် တွင် ကရိုင်းမီးယားကျွန်းဆွယ်ဒေသ အပါအဝင် ယူကရိန်းနယ်မြေ ၁၉ ရာခိုင်နှုန်းထိ ထိန်းချုပ်ထားသည်။

အမေရိကန်အစိုးရ၏ ယူကရိန်း ငြိမ်းချမ်းရေးအဆိုပြုချက်များတွင် ရုရှားနိုင်ငံထံသို့ ယူကရိန်းနယ်မြေ အချို့လွှဲပေးရန်လည်း အဆိုပြု ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံနှင့်ဆွေးနွေးရန် အမြဲတမ်း တံခါးဖွင့်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် ပြောကြား

**ပေကျင်း ဒီဇင်ဘာ ၁၈**

တရုတ် (တိုင်ပေ)အရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံသံတမန် ဆက်ဆံရေး တင်းမာနေသည့်တိုင် မိမိအနေဖြင့် တရုတ်နိုင်ငံနှင့်ဆွေး နွေးရေးအတွက် အမြဲတမ်း တံခါး ဖွင့်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအိချီက ဒီဇင်ဘာ ၁၇ ရက် တွင် ထုတ်ဖော်ပြောကြားထား ကြောင်း Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ အတွက် အရေးကြီးသည့် အိမ်နီး ချင်းနိုင်ငံဖြစ်ရာ တရုတ်နှင့် ဂျပန် တို့အကြား အပြုသဘောဆောင် သည့် တည်ငြိမ်သောဆက်ဆံရေး ထားရှိရန်လိုကြောင်း ဂျပန် ဝန်ကြီးချုပ်က သတင်းစာရှင်းလင်း ပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံနှင့် တွေ့ဆုံ ဆွေးနွေးရေးကို မိမိအနေဖြင့် အမြဲတမ်း လမ်းဖွင့်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအိချီက သတင်းစာရှင်းလင်းပွဲ၌ ကမ်းလှမ်း ခဲ့သည်။

တရုတ်နိုင်ငံ အနေဖြင့် တရုတ် (တိုင်ပေ)ကို တိုက်ခိုက်ခဲ့ပါက ဂျပန်နိုင်ငံ၏ စစ်ရေးအရတုံ့ပြန်မှု နှင့် ရင်ဆိုင်ရနိုင်ကြောင်း ဂျပန် ဝန်ကြီးချုပ် တာကာအိချီက နိုဝင် ဘာလအတွင်း ပြောကြားခဲ့ပြီး နောက် တရုတ်နှင့်ဂျပန်တို့အကြား သံတမန်ဆက်ဆံရေး တင်းမာခဲ့ ရသည်။

တရုတ်နိုင်ငံသည် တရုတ် (တိုင်ပေ)ကိုပြည်မကြီးအချုပ်အခြာ ပိုင်နယ်မြေအဖြစ် သတ်မှတ်ထား ပြီး ပြည်မကြီးနှင့် ပြန်လည်ပေါင်း စည်းရေးအတွက် လိုအပ်ပါက စစ်အင်အားသုံးမည် ဖြစ်ကြောင်း ပြောကြားထားသည်။

တရုတ်(တိုင်ပေ)သည် ဂျပန် နိုင်ငံနှင့် ကီလိုမီတာ ၁၀၀ ခန့်သာ ကွာဝေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တင်းမာမှုလျှော့ချရန် ဗင်နီဇွဲလားနှင့် အမေရိကန်ကို ကုလအကြီးအကဲတိုက်တွန်း

**နယူးယောက် ဒီဇင်ဘာ ၁၈**



အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလား နိုင်ငံတို့အနေဖြင့် ချင့်ချင့်ချိန်ချိန် ဆောင်ရွက်ကြရန်နှင့် နှစ်နိုင်ငံ တင်းမာမှုများ လျှော့ချရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဒီဇင် ဘာ ၁၇ ရက်တွင် တိုက်တွန်းခဲ့ ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ အရေးယူ ပိတ်ဆို့မှုစာရင်းတွင် ပါဝင်သော ဗင်နီဇွဲလား ရေနံတင်သင်္ဘော အားလုံး ဝင်ထွက်ပြုလုပ်မှုကို ပိတ်ဆို့ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားခဲ့ပြီး နောက်ကုလအကြီးအကဲက အဆို ပါအတိုင်းတိုက်တွန်းခဲ့ခြင်းဖြစ် သည်။

အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလား နိုင်ငံတို့အနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်အပါအဝင် နိုင်ငံတကာ ဥပဒေများကို လိုက်နာကြရန်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က တိုက်တွန်းထား ကြောင်း ကုလသမဂ္ဂ ပြောရေးဆို ခွင့်ရှိသူက ထုတ်ဖော်ပြောကြား ထားသည်။

ဗင်နီဇွဲလား ရေနံတင်သင်္ဘော များကို အဝင်၊အထွက်ပိတ်ဆို့ထား ရန် သမ္မတဒေါ်နယ်ထရမ့်က ညွှန်ကြားထားမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပရန် ဗင်နီဇွဲ လားနိုင်ငံက ဒီဇင်ဘာ ၁၇ ရက် တွင် မေတ္တာရပ်ခံထားသည်။

အမေရိကန်အစိုးရ၏ လုပ်ရပ် များသည် ဗင်နီဇွဲလားနိုင်ငံအပေါ် အနိုင်ကျင့်ဗိုလ်ကျနေသော လုပ်ရပ် များဖြစ်ကြောင်း ဗင်နီဇွဲလား အစိုးရက ဝေဖန်ထားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ မေတ္တာရပ်ခံ ချက်အရ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအစည်းအဝေးကို ဒီဇင် ဘာ ၂၃ ရက်တွင် ကျင်းပဖွယ် ရှိကြောင်း ကုလသမဂ္ဂ သံတမန် များက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် ရုရှားနှင့် အမေရိကန် တာဝန်ရှိသူများ မီယာမီ၌ ဆွေးနွေးမည်

**နယူးယောက် ဒီဇင်ဘာ ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၏ ယူကရိန်းငြိမ်းချမ်းရေး အစီအစဉ်နှင့်ပတ်သက်၍ အမေရိ ကန်နှင့် ရုရှားတာဝန်ရှိသူများသည် ယခု ရက်သတ္တပတ်အကုန်တွင် အမေရိကန်နိုင်ငံ မီယာမီ၌ တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ယူကရိန်း ငြိမ်းချမ်းရေးအစီအစဉ် နှင့်ပတ်သက်၍ ရုရှားနှင့် အမေရိကန် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို အိမ်ဖြူတော် တာဝန်ရှိသူများက အတည်ပြု ကြေညာခဲ့ခြင်း ဖြစ်သည်။

မီယာမီဆွေးနွေးပွဲတွင် အမေရိ ကန် ကိုယ်စားလှယ်များအဖြစ် သမ္မတ ဒေါ်နယ်ထရမ့်၏ အထူး သံတမန် စတီဗ်ဝစ်ကော့ဖ်နှင့် သမ္မတဒေါ်နယ်ထရမ့်၏ သမက် ဂျရက်ကုရှ်နာတို့ ပါဝင်ဖွယ်ရှိပြီး ရုရှားနိုင်ငံဘက်က သမ္မတပူတင် ၏ စီးပွားရေး အထူးသံတမန် ကီရီးလ်ဒီမီထရီ ပါဝင်နိုင်ကြောင်း အမေရိကန်မီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရ ကိုယ်စား လှယ်များသည် သမ္မတ ဒေါ်နယ် ထရမ့်၏ ယူကရိန်းငြိမ်းချမ်းရေး အစီအစဉ်နှင့်ပတ်သက်၍ ဂျာမနီ နိုင်ငံ ဘာလင်မြို့၌ ယူကရိန်းအစိုးရ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီးဖြစ်သည်။

ဘာလင်မြို့ ဆွေးနွေးပွဲများတွင် မျက်မြင်တိုးတက်မှုများရှိခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ထုတ်ဖော်ပြောကြားထားသည်။

သို့ရာတွင် သမ္မတ ဒေါ်နယ် ထရမ့်၏ ယူကရိန်း ငြိမ်းချမ်းရေး အစီအစဉ်ပါ ယူကရိန်းနယ်မြေများ စွန့်လွှတ်ရေးဆိုင်ရာ အဆိုပြုချက် နှင့်ပတ်သက်၍ သဘောထားကွဲ လွဲမှုများ ရှိနေကြဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# သမ္မတဟောင်း ဘော်လ်ဆိုနာရို၏ ပြစ်ဒဏ်ကို လျှော့ချပေးမည့်ဥပဒေကြမ်း ဘရာဇီးအထက်လွှတ်တော် မဲခွဲအတည်ပြု

**ဘရာဇီးလီးယား ဒီဇင်ဘာ ၁၈**

ဘရာဇီးသမ္မတဟောင်း ဘော်လ် ဆိုနာရိုအပေါ် ချမှတ်ထားသည့် ထောင်ဒဏ်ကိုလျှော့ချပေးနိုင်မည့် ဥပဒေကြမ်းတစ်ရပ်ကို ဘရာဇီး အထက်လွှတ်တော်က ဒီဇင်ဘာ ၁၇ ရက်တွင် မဲခွဲအတည်ပြုခဲ့ ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဥပဒေကြမ်းကို ဘရာဇီး အထက်လွှတ်တော်က ထောက်ခံမဲ ၄၈ မဲ၊ ကန့်ကွက်မဲ ၂၅ မဲတို့ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

၎င်းဥပဒေကြမ်းအရ ဘရာဇီး သမ္မတဟောင်း ဘော်လ်ဆိုနာရို အပေါ် ချမှတ်ထားသည့် ထောင် ဒဏ် ၂၇ နှစ်ကို နှစ်နှစ်သို့ လျှော့ချ ပေးနိုင်မည်ဖြစ်သည်။



လက်ယာစွန်းဝါဒီ သမ္မတဟောင်း ဘော်လ်ဆိုနာရိုသည် ၂၀၂၂ ခုနှစ် သမ္မတရွေးကောက်ပွဲအလွန်ကာလ တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေး အဓိကရုဏ်းအတွက် ဘရာဇီး တရားရုံးတစ်ရုံးက ထောင်ဒဏ် ၂၇ နှစ် ပြစ်ဒဏ်ချမှတ်ထားသည်။

၂၀၂၂ ခုနှစ် သမ္မတရွေးကောက် ပွဲ၌ လက်ရှိသမ္မတ လူလာဒါဆေးလ် ဗားကိုအရေးနိမ့်ခဲ့သည့် ဘော်လ် ဆိုနာရိုသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ လတွင် အာဏာသိမ်းရန်ကြံရွယ်၍ နိုင်ငံရေးအဓိကရုဏ်း ဖန်တီးခဲ့ ကြောင်း ဘရာဇီးရှေ့နေများက ပြောကြားထားသည်။

သမ္မတဟောင်း ဘော်လ်ဆိုနာရို ၏ပြစ်ဒဏ်ကို လျှော့ချပေးနိုင်မည့် ဥပဒေကြမ်းကို ဘရာဇီး တရား လွှတ်တော်ချုပ်နှင့် သမ္မတလူလာ ဒါဆေးလ်ဗားတို့က ပြင်းပြင်းထန် ထန် ကန့်ကွက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေဇုန်လီယို အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို အက်တလပ်စ်-၅ ဒုံးပျံဖြင့် ULA က လွှတ်တင်



**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

Amazon ကုမ္ပဏီ၏ အမေဇုန်လီယိုအင်တာနက် ဂြိုဟ်တုကွန်ရက်အတွက် အမေဇုန်လီယိုဂြိုဟ်တု ၂၇ စင်းကို ဒီဇင်ဘာ ၁၇ ရက်တွင် United Launch Alliance (ULA)က အက်တလပ်စ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အမေဇုန်လီယိုဂြိုဟ်တု ၂၇ စင်း သယ်ဆောင်ထားသော အက်တလပ်စ်-၅ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၇ ရက် မစ်ရှင်တွင် Amazon ၏ အမေဇုန်လီယိုအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ULA ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော စတုတ္ထမြောက် အက်တလပ်စ်-၅ ဒုံးပျံသည် လွှတ်တင်ပြီး မိနစ် ၆၀ အကြာတွင် အမေဇုန်လီယိုဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပရောဂျက်ကွိုင်ပါဟူ၍ ယခင်က အသိများသည့် အမေဇုန်လီယိုအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၃၂၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက်ရန်စီစဉ်ထားသည်။

Amazon ကုမ္ပဏီသည် အမေဇုန်လီယိုအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို တည်ဆောက်ရေးအတွက် မစ်ရှင်ပေါင်း ၈၀ ကျော် လွှတ်တင်ရမည်ဖြစ်ပြီး လက်ရှိအချိန်ထိ ဒီဇင်ဘာ ၁၇ ရက် မစ်ရှင်အပါအဝင် မစ်ရှင်ခုနစ်ခု လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာ့လေထုလွှာထဲမှ အက်တမ်နှင့်မော်လီကျူးများ အာကာသဟင်းလင်းပြင်အတွင်း လွှတ်ထွက်၍ လမျက်နှာပြင်ပေါ်ကျဆင်းအနည်ထိုင်ခဲ့

**လန်ဒန် ဒီဇင်ဘာ ၁၈**

ပြီးခဲ့သည့် နှစ်သန်းရာပေါင်းများစွာအတွင်း ကမ္ဘာ့လေထုလွှာထဲမှ အက်တမ်နှင့် မော်လီကျူးများသည် အာကာသဟင်းလင်းပြင်အတွင်း လွှတ်ထွက်၍ လမျက်နှာပြင်ပေါ် ကျဆင်းအနည်ထိုင်ခဲ့ကြကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

၁၉၇၀ ပြည့်နှစ်ကာလ အပိုလိုမစ်ရှင်များအတွင်း အမေရိကန်အာကာသယာဉ်မှူးများ ပြန်လည်ယူဆောင်လာသည့်လကမ္ဘာမြေစာနမူနာများထဲတွင် ကမ္ဘာမြေပေါ်၌ တွေ့ရတတ်သည့် ဒြပ်စင်များပါဝင်နေမှုကြောင့် သိပ္ပံပညာရှင်များ အံ့သြခဲ့ရသည်။

အထက်ပါ ဒြပ်စင်များသည် ကမ္ဘာဂြိုဟ် စတင်ဖွဲ့စည်းဖြစ်ပေါ်ခါစကာလက ကမ္ဘာ့လေထုလွှာထဲမှ လွှတ်ထွက်ခဲ့သည့်ဒြပ်စင်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။


သို့ရာတွင် ဗြိတိန်နိုင်ငံ ရှိချက်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြပုံစံဖန်တီးလေ့လာချက်များအရ ကမ္ဘာ့လေထုလွှာအတွင်းရှိ အက်တမ်နှင့် မော်လီကျူးများသည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံမှစ၍ လက်ရှိအချိန်ထိပင် အာကာသဟင်းလင်းပြင်အတွင်းသို့ လွှတ်ထွက်နေပြီး လမျက်နှာပြင်ပေါ်သို့ ကျရောက်နေနိုင်ကြောင်း သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ လမျက်နှာပြင်ပေါ်၌ လူသားများအတွက် အသုံးကျမည့်ဒြပ်စင်များရှိနေနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် လကမ္ဘာမြေစာများတွင် ကမ္ဘာဂြိုဟ်လေထုလွှာ သမိုင်းကြောင်း၏ သဲလွန်စများရှိနေနိုင်ကြောင်းလည်း ဗြိတိန်သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## ပုဂ္ဂလိကကုမ္ပဏီတစ်ခု၏ အာကာသယာဉ်နှစ်စင်း ကမ္ဘာပတ်လမ်းပေါ်၌ အောင်မြင်စွာယှဉ်တွဲပျံသန်းနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

Impulse Space အမည်ရှိ အမေရိကန်နိုင်ငံအခြေစိုက် အာကာသနည်းပညာ ကုမ္ပဏီတစ်ခု၏ အာကာသယာဉ် နှစ်စင်းသည် ကမ္ဘာပတ်လမ်းပေါ်၌ အောင်မြင်စွာ ယှဉ်တွဲပျံသန်းနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ရီမိုနာဟုအမည်ပေးထားသော မစ်ရှင်အတွင်း Impulse Space ၏ မိုင်ရာအာကာသယာဉ်သည် အခြားမိုင်ရာ အာကာသယာဉ်တစ်စင်း အနီးသို့ ပေ ၄၀၀၀ ကျော်ထိ ချဉ်းကပ်၍ ယှဉ်တွဲပျံသန်းနိုင်ခဲ့သည်။

Impulse Space ကုမ္ပဏီသည် အထက်ပါ မိုင်ရာဂြိုဟ်တုနှစ်စင်းအနက် တစ်စင်းကို ယခုနှစ် ဇန်နဝါရီလတွင် လွှတ်တင်ခဲ့ပြီး ကျန်တစ်စင်းကို ၂၀၀၃ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ရီမိုနာမစ်ရှင်ကို Impulse Space ကုမ္ပဏီနှင့် Starfish Space အမည်ရှိ အခြားအမေရိကန်နည်းပညာကုမ္ပဏီတစ်ခုတို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ရီမိုနာမစ်ရှင်အတွင်း ယခုနှစ်တွင် လွှတ်တင်ထားသည့် မိုင်ရာအာကာသယာဉ်သည် Starfish Space ကုမ္ပဏီ၏ပျံသန်းရေးဆော့ဖ်ဝဲကို အသုံးပြု၍ ၂၀၂၃ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် မိုင်ရာအာကာသယာဉ်အနီး ပေ ၄၀၀၀ ကျော်ထိ ချဉ်းကပ်ပျံသန်းခဲ့ခြင်းဖြစ်သည်။

ရီမိုနာမစ်ရှင်၏အောင်မြင်မှုကြောင့် ကမ္ဘာပတ်လမ်းပေါ်၌ ဂြိုဟ်တု ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရေးအတွက် လမ်းစပွင့်လာပြီဖြစ်ကြောင်း Impulse Space ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အရက်အလွန်အကျွံသောက်သုံးသူများ၌ ကင်ဆာအမျိုးမျိုးဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၈**

အရက်အလွန်အကျွံသောက်သုံးမှုကြောင့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားနိုင်ခြေ သိသိသာသာ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လေ့လာတွေ့ရှိချက်အရ အရက်သောက်သုံးမှု မြင့်မားပါက ကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေလည်း မြင့်တက်လာနိုင်ပြီး သောက်သုံးမှုများလေလေ၊ ဖြစ်နိုင်ခြေလည်း မြင့်တက်လာလေလေဖြစ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အရက်သောက်သုံးမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားချိန်တွင် လူနာ၏ရောဂါမှ ရှင်သန်နိုင်မှု အလားအလာမှာလည်း ပိုနည်းသွားတတ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရက်အလွန်အကျွံသောက်သုံးသူများတွင် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာနှင့်အစာခြေလမ်းကြောင်းစနစ် ရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ယခင်ထုတ်ပြန်ထားသော လေ့လာချက် ၆၂ ခုကို ပြန်လည်ဆန်းစစ် လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မိခင်နို့ရည်သောက်သုံးသူ ကလေးများ၌ အစားအစာနှင့် ဓာတ်မတည့်မှုပြဿနာ ပေါ်လာနိုင်မှုကို တားဆီးပေးနိုင်

**နယူးယောက် ဒီဇင်ဘာ ၁၈**

မိခင်နို့ချိုသောက်သုံး၍ကြီးပြင်းလာသည့်ကလေးများ၌ အစားအစာနှင့် ဓာတ်မတည့်မှုပြဿနာများ ပေါ်လာနိုင်မှုကို တားဆီးပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ မိခင်နို့ရည် သောက်သုံးရမည့် ကလေးများမှာ မွေးဖွားပြီး ပထမတစ်နှစ်အတွင်းမှာပင် ခုခံအားစနစ်မြန်ဆန်စွာ အားကောင်းလာတတ်ပြီး ပဋိပစ္စည်းများထွက်ပေါ်မှုအဆင့် မြင့်တက်လာတတ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် စိုက်ပျိုးရေးလူ့အဖွဲ့အစည်းအတွင်း မွေးဖွားလာသူကလေးများနှင့် မြို့ပြ၌မွေးဖွားသည့်ကလေးများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိခင်နို့ရည်သောက်သုံးမှုများသည့် စိုက်ပျိုးရေးလူ့အဖွဲ့အစည်းဝင် ကလေးများသည် မိခင်နို့ရည်အရနည်းသည့်မြို့ပြဒေသကလေးများထက် ခုခံအားစနစ်ဆဲလ်များ ပေါ်ထွက်မှု ပိုမိုအားကောင်းနေတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၈-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၉၇ | ၁၃၀ | ၉၃ | ၄၂၀ |
| ၂ | အင်ဒိုနီးရှား | ၈၀ | ၉၃ | ၁၀၃ | ၂၇၆ |
| ၃ | ဗီယက်နမ် | ၇၃ | ၇၂ | ၉၉ | ၂၄၄ |
| ၄ | စင်ကာပူ | ၄၈ | ၅၁ | ၆၉ | ၁၆၈ |
| ၅ | မလေးရှား | ၄၆ | ၄၉ | ၁၀၉ | ၂၀၄ |
| ၆ | ဖိလစ်ပိုင် | ၄၁ | ၅၉ | ၁၂၆ | ၂၂၆ |
| ၇ | မြန်မာ | ၃ | ၂၀ | ၃၈ | ၆၁ |
| ၈ | လာအို | ၂ | ၉ | ၂၂ | ၃၃ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

## အိုင်ယာလန်နိုင်ငံ၏ အလေးစားခံရဆုံး အားကစားသမားဆုကို ကေတီတေလာ ဆွတ်ခူး

ဒဗ္ဗလင် ဒီဇင်ဘာ ၁၈

အိုင်ယာလန်နိုင်ငံ၏ နှစ်စဉ်နှစ်တိုင်း တစ်နှစ်တာအတွင်း အလေးစားခံရဆုံး အားကစားသမားကိုရွေးချယ်၍ ဆုချီးမြှင့်ပေးလျက်ရှိရာ လိုက်ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ လက်ဝှေ့မယ် ကေတီတေလာက ဆွတ်ခူးခဲ့သည်ဟု Teneo Sport and Sponsorship Index အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း The 42 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီတေလာအနေဖြင့် အဆိုပါဆုကို ကိုးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်ပြီး အခြားသောအားကစားနည်းများမှ ကစားသမားများကို ကျော်ဖြတ်ကာ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုအတွက် လူဦးရေ ၁၀၀၀ က မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ကေတီတေလာက မဲ ၁၄ ရာခိုင်နှုန်းဖြင့် အလေးစားခံရဆုံး အားကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အိုင်ယာလန် ဘောလုံးသမား ထရိုင်ပါရော့က မဲ ၁၀ ရာခိုင်နှုန်းဖြင့် ဒုတိယမဲအများဆုံးရရှိခဲ့သည့် ကစားသမားဖြစ်ပြီး ကမ္ဘာ့အဆင့် (၂) ဂေါက်သီးရိုက်ကစားသမား မက်အီရှိုင်းက မဲ ခုနစ်ရာခိုင်နှုန်းရရှိကာ တတိယမဲအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ကြသည်။

ကေတီတေလာသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် လိုက်ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နိုနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရကာ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

Teneo Sport and Sponsorship Index အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက "၂၀၂၅ ခုနှစ်အတွက် အလေးစားခံရဆုံး အားကစားသမားအဖြစ် လိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ကေတီတေလာက ရွေးချယ်ခံခဲ့ရပါတယ်။ ကေတီတေလာအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒီဆုကို ကိုးကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်ပြီးတော့ အကြိမ်အများဆုံး ဆွတ်ခူးရရှိထားတဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : The 42**
**Trs : AZL**



## FIFA Intercontinental Cup ဖိုလ်လုပွဲစဉ်တွင် ဖလာမင်ဂိုအသင်းကို အနိုင်ရပြီး ပီအက်စ်ဂျီအသင်း ချန်ပီယံဆု ဆွတ်ခူး

ပဲရစ် ဒီဇင်ဘာ ၁၈

FIFA Intercontinental Cup ဖိုလ်လုပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနှင့် ဖလာမင်ဂိုအသင်းတို့ ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ပီအက်စ်ဂျီအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၃၈ မိနစ်တွင် ခါဗီချာက ပီအက်စ်ဂျီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၆၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျော်ဂျင်ဟိုက ဖလာမင်ဂိုအသင်းအတွက် ချေပ ဂိုးသွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာတွင်လည်း နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့ရသည်။

ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့ရာတွင် ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာနှင့် မန်ဒက်တို့ ဂိုးဝင်အောင်သွင်းခဲ့သော်လည်း ဒမ်ဘီလီနှင့် ဘာကိုလာတို့က လွဲချော်ခဲ့ကာ ဖလာမင်ဂိုအသင်းမှ ဆောနီဂွက်၊ ပီဒရိုပါရဲရား၊ အာရူဂျိုတို့ ကန်သွင်းချက်များကို ပီအက်စ်ဂျီအသင်း ဂိုးသမားဆာဖွန်နော့က ကာကွယ်နိုင်ခဲ့သဖြင့် ပီအက်စ်ဂျီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်အတွင်း ချန်ပီယံလိဂ်ဖလား၊ ပြင်သစ်လီဂူးဖလား၊ ပြင်သစ်ကိုပါဒယ်ဖလား၊ ပြင်သစ်စူပါဖလား၊ FIFA Intercontinental Cup စသည့် ဆုဖလားခြောက်လုံး ထိဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေးအပ်မည့်ဆုကြေးငွေများကို ထုတ်ပြန်

ဝါရှင်တန် ဒီဇင်ဘာ ၁၈

အမေရိကန်၊ ကနေဒါ၊မက္ကဆီကိုနိုင်ငံတို့က သုံးနိုင်ငံ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲအတွက် ဆုကြေးငွေများကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကကြေညာခဲ့ကာ ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲထက် အဆများစွာ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လာမည့် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲကို ပြိုင်ပွဲသမိုင်းတစ်လျှောက် အသင်းအရေအတွက် တိုးမြှင့်ကာ ၄၈ သင်းဖြင့် လာမည့် ဇူလိုင်လမှ စတင်ကျင်းပသွားမည်ဖြစ်သည်။

လာမည့် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် အဆင့်(၃၃)မှ (၄၈) အတွင်း ရပ်တည်ခဲ့သည့်အသင်းများက အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းရမည်ဖြစ်ပြီး အဆင့်(၁၇)မှ (၃၂)အတွင်း ရပ်တည်မည့် အသင်းများက အမေရိကန်ဒေါ်လာ ၁၁သန်း၊ အဆင့်(၉)မှ အဆင့်(၁၆) အတွင်း ရပ်တည်မည့် အသင်းများက အမေရိကန်ဒေါ်လာ ၁၆ သန်းထိ ရရှိမည်ဖြစ်သည်။ အလားတူ အဆင့်(၄)တွင် ရပ်တည်နိုင်မည့် အသင်းက ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၇ သန်းထိရရှိမည်ဖြစ်ပြီး တတိယဆုရရှိမည့်အသင်းက အမေရိကန်ဒေါ်လာ ၂၉ သန်း၊ ဒုတိယဆုရရှိမည့်အသင်းက ၃၃ သန်း ရရှိမည်ဖြစ်ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်မည့်အသင်းက အမေရိကန်ဒေါ်လာ သန်း ၅၀ ရရှိမည်ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်မည့် အသင်းတိုင်း အတွက်လည်း ကြိုတင်ပြင်ဆင်စရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ပေးအပ်သွားမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက်ဆုကြေးငွေများကို တိုးမြှင့်သတ်မှတ်ခဲ့သော်လည်း ပွဲကြည့်ခွင့်လက်မှတ်များကို ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲထက် အဆမတန် တိုးမြှင့် သတ်မှတ်ခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

## ရန်ကုန်ယူနိုက်တက်အသင်းက ကစားသမားဟောင်း မောင်မောင်လွင်ကို အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူ

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက် အသင်းက အသင်း ကစားသမားဟောင်း တစ်ဦးဖြစ်သည့် မောင်မောင်လွင်ကို ရာသီဝက်အငှားစာချုပ်ဖြင့် ပြန်လည် ခေါ်ယူခဲ့ကြောင်း သိရသည်။




မြန်မာ့လက်ရွေးစင် အသင်းခေါင်းဆောင် မောင်မောင်လွင်သည် ရန်ကုန်ယူနိုက်တက်အသင်းတွင် ကာလရှည်ကစားခဲ့ကာ အသင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး ၂၀၂၁ ခုနှစ်က ရန်ကုန်ယူနိုက်တက် အသင်းမှ ထိုင်းကလပ် Lamphun Warrior အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မောင်မောင်လွင်သည် Lamphun Warrior အသင်းတွင် ပွဲအများအပြား ကစားခဲ့ရသော်လည်း နောက်ပိုင်းတွင် ပွဲကစားခွင့်နည်းပါးလာသည့်အတွက် အသင်းဟောင်း ရန်ကုန်ယူနိုက်တက် အသင်းထံ ငါးလစာချုပ်ဖြင့် ပြန်လည် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ဒုတိယရာသီဝက်ကာလမှာ မကြာမီ ပြန်လည်စတင်မည်ဖြစ်သည့်အတွက် ရန်ကုန်ယူနိုက်တက် အသင်းက ကစားသမားအင်အားဖြည့်တင်းသည့်အနေဖြင့် ကစားသမားဟောင်းတစ်ဦး ဖြစ်ပြီး လက်ရွေးစင်အဆင့် ကစားသမားတစ်ဦးဖြစ်သည့် မောင်မောင်လွင်ကို ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

**STA**

# တစ်နှစ်အတွင်း Ballond'or ဆုနှင့် ဖီဖာတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုရသည့် စတုတ္ထမြောက် ကစားသမားအဖြစ် ဒမ်ဘီလီ မှတ်တမ်းဝင်



**ပဲရစ် ဒီဇင်ဘာ ၁၈**

ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမားဒမ်ဘီလီသည် ၂၀၂၅ ဖီဖာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ပြီးနောက် တစ်နှစ်အတွင်း Ballon d'or ဆုနှင့် ဖီဖာတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုတို့ကို ဆွတ်ခူးနိုင်သည့် စတုတ္ထမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒမ်ဘီလီသည်ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး အသင်းအတွက် တစ်ရာသီအတွင်း ချန်ပီယံလိဂ်ဖလား အပါအဝင်အဓိက ဆုဖလားသုံးလုံးဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၉ ပွဲတွင် သွင်းဂိုး ၃၃ ဂိုး သွင်းယူခဲ့ကာ ဂိုးဖန်တီးမှု ၁၃ ကြိမ် ပြုလုပ်ခဲ့သူဖြစ်သည်။

ဒမ်ဘီလီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)နှင့် ပြင်သစ်မဂ္ဂဇင်းတို့က ပူးပေါင်းပေးအပ်သည့် Ballon d'or ဆုကို ဆွတ်ခူးခဲ့သည့်အပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က သီးသန့်ပေးအပ်သည့် ၂၀၂၅ ဖီဖာ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုတို့ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဒမ်ဘီလီမတိုင်မီက တစ်နှစ်အတွင်း Ballon d'or ဆုနှင့် ဖီဖာ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုတို့ကို ဆွတ်ခူးခဲ့သည့် ကစားသမားအဖြစ် ဘာစီလိုနာအသင်း ကစားသမားဟောင်း မက်ဆီ၊ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း စီရော်နယ်ဒို၊ လူကာမိုဒရစ်တို့က ဆွတ်ခူးခဲ့ကြပြီး ဒမ်ဘီလီက စတုတ္ထမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# ကမ္ဘာ့အဆင့်(၁)တင်းနစ်ကစားသမား အယ်ကာရက်ဇ်က နည်းပြဖြစ်သူ ဖာရဲရိုနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကြေညာ

**မက်ဒရစ် ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် ကာလရှည် လက်တွဲလာသည့် နည်းပြဖြစ်သူဖာရဲရိုနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ် တင်းနစ်ရာသီအတွက် ပြင်ဆင်နေသည့် အယ်ကာရက်ဇ်သည် နည်းပြဖြစ်သူနှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ခြင်းဖြစ်ပြီး လမ်းခွဲရသည့် အကြောင်းရင်းကို ပြောကြားခဲ့ခြင်း မရှိကြောင်းလည်း သိရသည်။

အယ်ကာရက်ဇ်သည် ၂၀၂၆ ခုနှစ် တင်းနစ်ရာသီကို နည်းပြသစ်ဖြင့် လက်တွဲကာ ပြင်ဆင်လေ့ကျင့်သွားမည်ဖြစ်ပြီး အယ်ကာရက်ဇ်နှင့် ဖာရဲရိုတို့ကြား လမ်းခွဲခဲ့သည့် အဓိကအကြောင်းရင်းကို နှစ်ဖက်လုံးက ထုတ်ပြန်ရန် ငြင်းဆန်ထားသော်လည်း ဖာရဲရိုက အယ်ကာရက်ဇ်၏ နည်းပြအဖြစ် ဆက်လက်တာဝန်ယူရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

အယ်ကာရက်ဇ်က "ကျွန်တော့်ရဲ့ ငယ်ဘဝအိပ်မက်ကို အကောင်အထည်ဖော်ပေးခဲ့တဲ့ နည်းပြ ဖာရဲရိုကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်နဲ့ ဖာရဲရိုဟာ ကျွန်တော် ကလေးဘဝကတည်းက ကျွန်တော့်ရဲ့စွမ်းဆောင်ရည်တွေ တိုးတက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သူပါ။ အခုအောင်မြင်မှုတွေ ရလာတဲ့အချိန်မှာလဲ ကျွန်တော့်ဘေးမှာ အမြဲရှိနေပေးခဲ့ပါတယ်။ ဖာရဲရိုနဲ့အတူလက်တွဲ အလုပ်လုပ်ခွင့်ရခဲ့တဲ့ အချိန်ကာလတွေဟာ ကျွန်တော့်အတွက်တော့ ဂုဏ်ယူဝမ်းသာစရာပါပဲ။ အမြဲတမ်းလဲ အမှတ်ရနေမှာပါ"ဟု ပြောကြားခဲ့သည်။

နည်းပြဖြစ်သူ ဖာရဲရိုကလည်း "အယ်ကာရက်ဇ်ဟာ ကျွန်တော့်သားတစ်ယောက်လိုပါပဲ။ သူနဲ့အတူ ဆက်လက် လက်တွဲအလုပ်လုပ်ခွင့် ရဖို့ ဆန္ဒရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ အခြေအနေ အကြောင်းကြောင်းကြောင့် လက်တွဲဖြုတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အယ်ကာရက်ဇ်အနေနဲ့ အနာဂတ်မှာ အောင်မြင်မှုတွေ ဆက်လက် ဆွတ်ခူးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis World**

**Trs : AZL**



# ဆီနီဂေါအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပရိသတ်မပါဝင်ဘဲ ကစားရမည့်အရေးနှင့် ရင်ဆိုင်နေရ

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

အာဖရိကအသင်းများဖြစ်သည့် ဆီနီဂေါအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့သည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပရိသတ်မပါဝင်ဘဲ သွားရောက်ကစားရမည့် အရေးနှင့် ရင်ဆိုင်နေရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အစိုးရက တောင်အာဖရိကနိုင်ငံများမှ အိုင်ဗရီကို့စ်နိုင်ငံနှင့် ဆီနီဂေါနိုင်ငံတို့ကို အမေရိကန်နိုင်ငံသို့ ပြည်ဝင်ခွင့် ပိတ်ပင်သည့် နိုင်ငံများစာရင်းတွင် ထည့်သွင်းခဲ့ပြီး ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမှုများကိုလည်း ရပ်ဆိုင်းခဲ့သည့်အတွက် အိုင်ဗရီကို့စ်နိုင်ငံနှင့် ဆီနီဂေါနိုင်ငံတို့မှ ပြည်သူများ အနေဖြင့် အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်မရသဖြင့် အိုင်ဗရီကို့စ်အသင်းနှင့် ဆီနီဂေါအသင်းတို့က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပရိသတ်မပါဘဲ ကစားရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီနီဂေါအသင်းသည် ပြင်သစ်အသင်း၊ နော်ဝေအသင်းနှင့် Play-off အဆင့်မှ တက်ရောက်လာမည့် အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ပြင်သစ်အသင်း၊ နော်ဝေအသင်းတို့နှင့် အုပ်စုပွဲစဉ်များကို အမေရိကန်နိုင်ငံတွင် ကစားရမည်ဖြစ်ပြီး Play-off အဆင့်မှ အသင်းနှင့်ပွဲစဉ်ကို ကနေဒါနိုင်ငံတွင် ကစားရမည်ဖြစ်သည်။

အလားတူ အိုင်ဗရီကို့စ်အသင်းသည်လည်း ဂျာမနီအသင်း၊ အီကွေဒေါအသင်း၊ ကျူရာကာအိုအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ကျူရာကာအိုအသင်း၊ အီကွေဒေါအသင်းတို့နှင့် အုပ်စုပွဲစဉ်များကို အမေရိကန်နိုင်ငံတွင် ကစားသွားမည်ဖြစ်ပြီး ဂျာမနီအသင်းနှင့် ပွဲစဉ်ကို ကနေဒါနိုင်ငံတွင် ကစားမည်ဖြစ်သည့်အတွက် အိုင်ဗရီကို့စ်အသင်းနှင့် ဆီနီဂေါအသင်းတို့မှ ပရိသတ်များအနေဖြင့် ကနေဒါနိုင်ငံတွင်ကစားမည့် ပွဲစဉ်တစ်ပွဲကိုသာ ကြည့်ရှုရနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်အဆင့်တွင် လက်ရှိချန်ပီယံ နယူးကာဆယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**လန်ဒန် ဒီဇင်ဘာ ၁၈**

ကွာရာဘောင်းဖလား လက်ရှိချန်ပီယံ နယူးကာဆယ်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဖူလ်ဟမ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးအသင်းနှင့် တွေ့ဆုံခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကွာရာဘောင်းဖလား ခြောက်ကြိမ်ထိ ဆွတ်ခူးထားသည့် မန်စီးတီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။



အဆိုပါပြိုင်ပွဲ ပထမအကျော့ကို လာမည့် ဇန်နဝါရီ ၁၂ ရက်တွင် နယူးကာဆယ်အသင်း အိမ်ကွင်း၌ ကစားရမည်ဖြစ်ကာ ဒုတိယအကျော့ကို ပထမအကျော့ကစားပြီး ရက်သတ္တသုံးပတ်အကြာတွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

အခြားဆီမီးဖိုင်နယ်အဆင့်တွင် ကာဒစ်အသင်းကို အနိုင်ရပြီး ဆုဖလား ငါးကြိမ် ဆွတ်ခူးထားသည့် ချဲလ်ဆီးအသင်းက အာဆင်နယ်အသင်းနှင့် ပဲလေ့စ်အသင်းတို့ပွဲစဉ်မှ အနိုင်ရသည့် အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံတွင် ရလဒ်များ ကျဆင်းခဲ့သော်လည်း ကွာရာဘောင်းဖလား ပြိုင်ပွဲ၌ နိုင်ပွဲဆက်ခဲ့ကာ ချန်ပီယံဆုကို ကာကွယ်နိုင်ရန် အခွင့်အရေးရှိနေကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ အင်တာမီယာမီအသင်းက တိုက်စစ်မှူးဆွာရက်ဇ်၏ စွမ်းဆောင်ရည်ကောင်းများကြောင့် ကစားသမားကို ချီးမြှောက်သည့် အနေဖြင့် နောက်ထပ်တစ်နှစ် စာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။
- ❑ ချဲလ်ဆီးအသင်းက ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမားသစ်တစ်ဦး ခေါ်ယူမည့် အစီအစဉ်ကို ကြေညာခဲ့ပြီး ပဲလေ့စ်အသင်းမှ ဝါတန်နှင့် မန်ယူအသင်းမှ မိုင်နူးတို့ကိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ❑ ဗာစကိုဒဂါးမားအသင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၁၉ နှစ်ရှိ ရာရန်ကို စပါးအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ယူရို သန်း ၅၀ ဖြင့် ကနဦးကမ်းလှမ်းထားသောကြောင့် အပြိုင်ခေါ်ယူရမည်ဖြစ်ကြောင်း သိရသည်။

**ML**

# ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်

ဝင်းဇင်(သုတေသန)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သော နိုင်ငံဖြစ်သည်။ နိုင်ငံရှိလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြသည်။ နိုင်ငံရှိ လူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသူများဖြစ်သည်။

ထိုသို့သောအခြေအနေတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများလည်း "ကျွဲကူးရေပါ"ဆိုသလို လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။ အထူးသဖြင့် လူအများစုမှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသ စီးပွားရေးကို မြှင့်တင်ပေးနိုင်လျှင် နိုင်ငံ့စီးပွားရေးလည်း တိုးတက်မြင့်မားလာပြီး ဆင်းရဲမှုကိုလျှော့ချနိုင်မည်ဖြစ်သည်။

**MSME လုပ်ငန်းများမြှင့်တင်**

စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သမားရိုးကျဆောင်ရွက်ခြင်းမှသည် ခေတ်မီတိုးတက်သည့် စက်မှုကဏ္ဍဖြင့်ဆောင်ရွက်မှသာလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝများကို စဉ်ဆက်မပြတ်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍတွင် ကုန်ထုတ်လုပ်ငန်းများကို အဆင့်မြင့်စက်မှုကဏ္ဍအဖြစ် ပြောင်းလဲရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်သည်။

MSME လုပ်ငန်းများကို စက်မှုကဏ္ဍမြှင့်တင်၍လည်းကောင်း၊ နည်းပညာနှင့်ပေါင်းစပ်၍ လည်းကောင်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်မည်ဆိုလျှင် ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်စေမည်ဖြစ်သည်။ ထို့ပြင် ဒေသအလိုက် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို မြို့ကြီးများတွင်သာမက အစွန်အဖျားဒေသများပါမကျန် အကြားအလပ်မရှိအောင် ဆောင်ရွက်ခြင်းဖြင့်တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**အထွက်နှုန်းတိုးတက်ရေး**

မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးမှုအပါအဝင် ပန်းတိုင်ရည်မှန်းချက်ပေးထားသည့် သီးနှံများ တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိသည်။ ထို့ကြောင့် တစ်ဧကအထွက်နှုန်းများတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သည်။ စပါးတစ်ဧက အထွက်နှုန်းပြည့်မီရေးအတွက် နည်းစနစ်တကျစိုက်ပျိုးကာ ပင်ကြားတန်းကြားများ ပြည့်မီအောင်စိုက်ပျိုးသွားရန် လိုအပ်သည်။

အထူးသဖြင့် သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းများရရှိရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ စိုက်ပျိုးမြေကို စနစ်တကျပြုပြင်ပြီး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်ကိုက် အချိုးကျ စနစ်တကျသုံးစွဲ၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေ အောင်ရေရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေးစသည့် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ် ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်းကို စနစ်တကျအသုံးချ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုလျှင် တစ်ဧကအထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ထို့ပြင် သီးနှံများ ပိုမိုထွက်ရှိရေးနှင့် သီးထပ်စွမ်းအား မြင့်မားစေရေးအတွက် တစ်သီးစိုက်လယ်မြေများကို နှစ်သီးစိုက်၊ သုံးသီးစိုက်စသည်ဖြင့် သီးထပ်စိုက်ပျိုးနိုင်စေရေး သီးနှံပုံစံများ ချမှတ်ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူ တောင်သူများကိုယ်တိုင်လည်း အားကြိုးမာန်တက်လုပ်ကိုင်သွားရန် လိုအပ်သည်။

> ❖ နိုင်ငံ့စီးပွားမြင့်မားရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်မားတိုးတက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်သည်။ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးကို တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။ ❖

အမှန်တော့ နိုင်ငံတစ်နိုင်ငံသည် ထိုနိုင်ငံတွင် မှီတင်းနေထိုင်သော ပြည်သူများ အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာခြင်းသည် ပုဂ္ဂလိကနှင့်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထိုသို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများ လိုအပ်သည်။ အတတ်ပညာရှိရန်အတွက် အတန်းပညာများ မြင့်မားရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ပညာရည်အားနည်းသူများကို ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် ခရိုင်များအလိုက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထိုသို့ ဖွင့်လှစ်သင်ကြားပေးခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများတိုးတက်လာပြီး တောင်သူတစ်ဦးချင်း၏ ဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်သကဲ့သို့ တိုင်းပြည်၏ကုန်ထုတ်လုပ်ငန်းများလည်း တိုးလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းဆီဖူလုံမှုလိုအပ်ချက်များရှိနေသောကြောင့် ပြည်ပမှ စားသုံးဆီ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ အပိုကုန်ကျမှုများရှိနေသည်။ ထို့ကြောင့် နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကိုလျှော့ချနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက်များစွာအကျိုးဖြစ်ထွန်းမည် ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းပြည့်မီရေးနှင့် သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသခံတောင်သူများအပြင် နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

**ကုန်ထုတ်စွမ်းအားမြင့်မားရေး**

ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုလျှင် ဒေသဝမ်းစာဖူလုံမှုနှင့် ဒေသဝင်ငွေတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်လိုအပ်သည်။ တိုင်းရင်းသားပြည်သူ တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးကို သက်ဆိုင်ရာနယ်ပယ်များအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားလုံးလွှမ်းခြုံမိစေရန် ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုအပ်သည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း လိုက်ပါဖွံ့ဖြိုးလာမည်ဖြစ်၍ စီးပွားရေးတစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်သည်။ နိုင်ငံ့စီးပွားမြင့်မားရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်မားတိုးတက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်သည်။ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးကို တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားမြင့်မားရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဆိုလျှင် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ရေး စသည့်လုပ်ငန်းကဏ္ဍအသီးသီးကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ကာ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းအားဖြင့် ကမ္ဘာပေါ်တွင် စားရေရိက္ခာထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်မည့် ရေခံမြေခံကောင်းများပိုင်ဆိုင်ထားရှိသည်။ ပင်လယ်ပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများအတွက် ကျယ်ဝန်းသည့် ရေပိုင်နက်ရှိသကဲ့သို့ ရေချိုငါးလုပ်ငန်းများအတွက် မြစ်၊ ချောင်း၊ အင်းအိုင်များလည်း အများအပြားရှိနေရာ ငါး၊ ပုစွန်၊ ရေထွက်အစားအစာများ ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများလည်းပြည့်စုံလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် အလေးထားလုပ်ဆောင်လျက်ရှိသည်။

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

လယ်ယာထုတ်ကုန်လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(AGRO-BASED INDUSTRIES) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ ပြည်ပပို့ကုန် ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက်စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP) စံချိန်စံညွှန်းနှင့်အညီ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူများ စိုက်ပျိုးသီးနှံထုတ်လုပ်ရာတွင် လွတ်လပ်စွာ စိုက်ပျိုးဆောင်ရွက်နိုင်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သောအရင်းအနှီးငွေကြေးများ၊ နည်းပညာများကို အချိန်နှင့် တစ်ပြေးညီ ကူညီပံ့ပိုးပေးနိုင်ရေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကို အရည်အသွေးမီ စနစ်တကျသုံးစွဲနိုင်စေရေး၊ သီးနှံဈေးနှုန်း၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူများထံသို့ အချိန်မီရောက်ရှိစေရေး၊ လယ်ယာထုတ်ကုန်များကိုသင့်တင့်မျှတသော ဈေးနှုန်းရရှိစေရေး၊ ကုန်သွယ်ဖက်နိုင်ငံများမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိစေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်းပံ့ပိုးကူညီပေးရေးတို့ကို ဆောင်ရွက်ပေးသွားရန်လည်း လိုအပ်သည်။

ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံထက် ပိုမိုသာလွန်ကောင်းမွန်သည့် တိုးတက်နေသောနိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်သွားရန်လည်း လိုအပ်သည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီး၊ နည်းပညာများနှင့် အခြားလိုအပ်ချက်များကို ပံ့ပိုးပေးသွားရန် အသင့်ရှိသဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံ့စီးပွားရေးကို အလေးထားမြှင့်တင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**

# အကယ်၍ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်




**ရန်ကုန် ဒီဇင်ဘာ ၁၈**

ကုမုဒြာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အကယ်၍ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN) ထံမှ သိရသည်။

အဆိုပါ အကယ်၍ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဝေမျိုးသစ်(Divorce Lawyar) က ခံစားရေးဖွဲ့ထားပြီး အေးသီရိကို က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN) က ကုမုဒြာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဖြစ်ရပ်မှန် အိမ်ထောင်ရေး ဒရာမာဇာတ်ကားလေးတစ်ကားဖြစ်ပါတယ်။ အိမ်ထောင်နှစ်ခါကျခဲ့တဲ့ အမျိုးသမီးတစ်ယောက်အတွက် အကယ်၍ အချစ်နဲ့ဘဝနဲ့ ထပ်တူကျခဲ့မယ်ဆိုရင် ဘယ်လိုတွေဖြစ်လာမလဲဆိုတာ ရုံတင်တဲ့အခါ အဖြေတစ်ခုရသွားမှာမို့ စောင့်မျှော်အားပေးကြပါအုံး"ဟု ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN)က ပြောပြသည်။

အကယ်၍ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ အရိုင်း၊ မောင်ကင်း၊ ရဲခေါင်ဗလ၊ စိုးပြည့်သဇင်၊ မေမြင့်မိုရ်၊ မေပန်းချီ၊ ဆုမြတ်နိုးဇင်၊ အထူးဧည့်သည်သရုပ်ဆောင် ခင်ဇာခြည်ကျော်၊ နေ့သစ်အေးအောင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း ဒါရိုက်တာ ပြည့်ဖြိုးနိုင်(PPN)က ပြောပြ၍ သိရသည်။

ASH

# 48 Hours in Vegas ဇာတ်ကား၌ မင်းသား လာကိတ်စတန်းဖီး ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၈**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ 48 Hours in Vegas ရုပ်ရှင်ဇာတ်ကား၌ မင်းသား လာကိတ်စတန်းဖီး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

48 Hours in Vegas ရုပ်ရှင်ဇာတ်ကားတွင် မင်းသား လာကိတ်စတန်းဖီးသည် ကမ္ဘာကျော်အမေရိကန် ဘတ်စကက်ဘောအားကစားသမား ဒင်းနစ်ရော့မင်းအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဒင်းနစ်ရော့မင်း နေရာ၌ သရုပ်ဆောင်မည့် ဂျိုနာသန်မေဂျာနုတ်ထွက်ခဲ့ပြီးနောက် 48 Hours in Vegas ၌ မင်းသား လာကိတ်စတန်းဖီး အစားထိုးပါဝင်လာခြင်းဖြစ်ကြောင်း သိရသည်။

48 Hours in Vegas ဇာတ်ကားသည် ၁၉၉၈ ခုနှစ် NBA ဗိုလ်လုပွဲအတွက် လပ်ဗီးဂတ်သို့ရောက်ရှိလာသည့် ဒင်းနစ်ရော့မင်း၏ ခရီးစဉ်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

48 Hours in Vegas ဇာတ်ကားကို ဒါရိုက်တာ ဖာမူယီဝါက တာဝန်ယူပုံဖော်ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျော်ဒန် ဗင်ဒီနာက ရေးသားပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# သရုပ်ဆောင် ညောင်ညောင် မြောက်ဥက္ကလာပမြို့နယ်ရှိ OSC ဆေးရုံတွင် ကွယ်လွန်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

သရုပ်ဆောင် ညောင်ညောင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ OSC ဆေးရုံ၌ ဒီဇင်ဘာ ၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဌ ဦးအေးကြူလေးထံမှ သိရသည်။

သရုပ်ဆောင် ညောင်ညောင် အမည်ရင်း ဦးညီညီလှိုင်သည် ကွယ်လွန်ချိန်တွင် အသက် ၆၂ နှစ်ရှိပြီဖြစ်ပြီး အသည်းရောဂါကို ကာလကြာမြင့်စွာ ဆေးကုသမှုခံယူနေရာမှ ပြန်လည်ကောင်းမွန်လာခဲ့ပြီး ယခုနှစ် နှစ်စမှ စတင်ကာ အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နေစဉ် ၎င်းရောဂါဖြင့်ပင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"သရုပ်ဆောင် ညောင်ညောင် ဒီဇင်ဘာ ၁၇ ရက် ညပိုင်းမှာ မြောက်ဥက္ကလာပကOSC ဆေးရုံမှာ ကွယ်လွန်သွားတာပါ။ မကြာသေးမီက အနုပညာအလုပ်တွေ ပြန်လုပ်နေလို့ တော်တော်လေး ဝမ်းသာနေရာကနေ ခုလိုဆုံးပါးသွားတဲ့အတွက် မိသားစုနဲ့



ထပ်တူ ဝမ်းနည်းရပါတယ်။ ကောင်းရာမွန်ရာဘဝ ရောက်ရှိပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ဦးအေးကြူလေးထံမှ သိရသည်။

သရုပ်ဆောင် ညောင်ညောင်သည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက တက္ကသိုလ်အငြိမ့်ပွဲများတွင် လူရွှင်တော်အဖြစ်ပါဝင်ရာမှ အနုပညာလောကသို့ ရောက်ရှိလာခဲ့သူဖြစ်ကြောင်း၊ တစ်ချိန်က ထင်ရှားကျော်ကြားသည့် တစ်ခိုင်လုံးရွှေအငြိမ့်အဖွဲ့တွင် လူရွှင်တော်အဖြစ် ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့သူဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ရုပ်ရှင်လောကသို့ ဝင်ရောက်ကာ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းများ၊ ရုပ်သံဇာတ်လမ်းတွဲများစွာတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။ ASH

# Paranormal Activity ဇာတ်ကားကို ဒါရိုက်တာ အိုင်ယန်တူအာဆန် ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၁၈**

Paramount Pictures ရုပ်ရှင်ကုမ္ပဏီ၏ Paranormal Activity ဇာတ်ကားကို ကနေဒါ ဒါရိုက်တာ အိုင်ယန်တူအာဆန်က တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် Paranormal Activity ဇာတ်ကားရိုက်ကူးရေးအတွက် Paramount ကုမ္ပဏီနှင့် ဒါရိုက်တာ အိုင်ယန်တူအာဆန်တို့အကြား အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ၂၀၀၇ ခုနှစ်တွင် ရိုက်ကူးထုတ်လုပ်ခဲ့သည့် ပထမဆုံး Paranormal Activity ဇာတ်ကားကို ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Paranormal Activity ဇာတ်ကားသစ်၏ ထုတ်လုပ်သူများထဲတွင် ဒါရိုက်တာ ဂျိန်းဝမ်လည်း ပါဝင်ကြောင်း သိရသည်။

လက်ရှိတွင် Paranormal Activity ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှု စတင်မည့်ရက်နှင့် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို မသိရသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# သစ္စာမီးတိုက်ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ သစ္စာမီးတိုက် ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၀ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ သစ္စာမီးတိုက် ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မင်းဦးက ပြောပြ၍ သိရသည်။

အဆိုပါ သစ္စာမီးတိုက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ လမင်းမိုမို၏ ဝတ္ထုဇာတ်လမ်းကို မိုးနီလွင်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ညိုမင်းလွင်က ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ပြီး CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားက စာရေးဆရာမ လမင်းမိုမိုရဲ့ အောင်မြင်တဲ့ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖြစ်သလို ၂၀၁၇ ခုနှစ်လောက်က ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားလဲဖြစ်ပါတယ်။ ရုံတင်ပြသစဉ်ကလဲ ပရိသတ်အများအပြား အားပေးခဲ့ကြတဲ့အတွက် ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN ကနေ ဒီဇင်ဘာ ၂၀ ရက် ည ၇ နာရီ မိနစ် ၃၀ မှာ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းဦးက ပြောပြသည်။

သစ္စာမီးတိုက် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေတိုး၊ မင်းဦး၊ သားညီ၊ လူမုန်း၊ ဦးဝင်းမြိုင် ဖွေးဖွေး၊ လှမျိုးသဥ္ဇာနွယ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# A message sent by Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the Kayin National New Year Day (19 December 2025)

**Esteemed people and Kayin ethnic brethren,**

Today, 19 December 2025, the year 2765 of the Kayin Era and the first waxing day of Pyatho 1387 Myanmar Era, is the auspicious and significant Kayin National New Year Day, cherished by all Kayin brethren. On this occasion of the Kayin National New Year, I extend my greetings and sincerely wish all our ethnic national brethren, including the Kayin ethnic people and all citizens, physical and mental well-being, prosperity, and all auspicious blessings.

The Kayin people joyfully and delightfully celebrate their auspicious and significant New Year every year on the first waxing day of Pyatho. The State has officially recognized this day as a national public holiday for the entire country of Myanmar. The New Year's Day is interpreted as a good and auspicious day. From the moment the old year ends and the Kayin New Year begins, it is believed that Kayin people will enter the New Year with renewed spirit, fresh energy, and enthusiasm.

**Esteemed national brethren,**

Although the ethnic nationalities living across the Republic of the Union of Myanmar have different customs and traditions, all ethnic groups have long lived together in harmony with a spirit of family and a Union spirit, valuing and respecting one another. Regardless of differences in birthplace, region, language, literature, culture, religion, and traditional customs, all ethnic nationalities have lived together, sharing the same land and water, and have cooperated in unity within the Union.

In accordance with the fact that the Kayin ethnic is one of the indigenous ethnic groups of Myanmar, they are living not only in Kayin State but also throughout the entire country. They are especially numerous in Mon State, Taninthayi Region, Bago Region, and Ayeyawady Region. Throughout history, the Kayin people have lived in unity and harmony with all other ethnic nationalities. During the period when the country fell under colonial rule, the Kayin people also took part in the struggle for national independence, joining hands with all ethnic groups and sacrificing their lives and blood with full patriotic spirit. History stands as witness to this.

Kayin State is located in the southeastern part of Myanmar and is endowed with natural resources teeming with rivers, streams, waterfalls, mountain ranges of scenic beauty, and lush green forests. The beauty of Mount Zwegabin stands as one of the most prominent landmarks in Kayin State. The cultural symbols representing the Kayin people are the frog drum and the buffalo horn. The Kayin don dance is widely admired and is a distinctive cultural dance that is well known not only within the country but also abroad. All Kayin ethnic groups celebrate their traditional religious festivals according to designated seasons and longstanding cultural practices, including the New Year Festival, House Warming Ceremony, Harvest Feast Festival, Butterfly Summoning Festival, and the White Thread-Tying Ceremony in the month of Wagaung.

The Kayin people are naturally honest, humble, open-hearted, friendly, and peaceful. Likewise, they are courageous, straightforward, and highly faithful to their commitments. I would like to encourage the continued preservation and transmission of the Kayin language, literature, culture and arts, traditional customs, and historical heritage that have been safeguarded by their ancestors through successive generations.

Just as the Kayin people living throughout Myanmar preserve their traditions, all ethnic national brethren across the country should continue upholding their own noble customs. When everyone joins hands in unity and solidarity, the Union will remain cohesive and firmly established for the long term.

**Esteemed ethnic national brethren,**

After Myanmar regained independence, misunderstandings among ethnic national brethren—stemming from the divisive legacy left by colonial rule—caused armed conflicts in Kayin State, disrupting stability and peace up to the present day. Although successive governments have worked towards achieving durable nationwide peace, misguided ideas, narrow self-interests placed above the interests of the nation and all ethnic people, and selfish motivations have prolonged armed conflicts and acts of violence to this day. It is regrettable that these circumstances have caused various hardships and suffering for the people and all ethnic nationalities.

The Government and Tatmadaw, giving utmost priority to achieving and maintaining genuine internal peace which is the true essence of the nation have carried out efforts in line with the provisions of the Nationwide Ceasefire Agreement (NCA). As a result, several ethnic armed groups participated, signed the agreement, and worked in cooperation. However, some groups, without proper understanding or careful consideration, continue to follow misguided paths. I would like to urge them to prioritize the interests of the nation and the people, and to walk along the path of peace. The Government and Tatmadaw always welcome dialogue for peace and reaffirm that the door remains open at all times.

The State will continue to make greater efforts amid challenges to ensure durable peace, the full rule of law, and sustainable development. In line with the objective of the National Defence and Security Council "To implement multiparty democratic system, with the participation of the people, to ensure the success of multiparty democratic general election process and successfully moving towards wit the multiparty democratic system aspired by the entire people", preparations are underway to hold successful elections. Emphasis will be placed on ensuring free and fair elections, enabling all eligible voters to cast their votes, and conducting elections with dignity. All ethnic national communities are encouraged to actively participate and support the success of the elections.

As the Government continues its efforts to ensure peace and development of the nation, it is also working to improve the basic socioeconomic conditions of citizens, promote good health, provide quality education, create employment opportunities, increase incomes for all, and reduce poverty. Since the development of the nation depends on the socioeconomic progress of each individual, I would like to urge that efforts be made to ensure the advancement of every citizen's socioeconomic well-being, in line with the goals set for the country, including Kayin State, and to implement these efforts successfully.

In efforts to promote national economic development, projects related to education, healthcare, rule of law, and transportation infrastructure are being implemented. When carrying out production activities, it is essential to focus on the development and success of micro, small, and medium-sized enterprises (MSMEs), which form the foundation of the economy. If these enterprises are combined with technology to produce high-value products, they will bring greater benefits and further strengthen the national economy. Kayin State is rich in natural resources that provide a strong foundation for economic activities. If production and industrial enterprises can be successfully developed there, the socio-economic conditions of local ethnic communities will improve, regional development will advance, and the nation's economic growth will receive significant support.

**Esteemed national brethren,**

I extended my best wishes with sending a message to the Kayin National New Year Day celebration that today, to achieve the necessary peace, rule of law, and socioeconomic development in the country, all ethnic national communities, including the Kayin people of Kayin State, must work together in unity to implement these goals. In order to reduce armed conflicts and violent disturbances in their regions, including Kayin State, everyone should cooperate and work together. By doing so, all ethnic nationalities can help build the Union as a strong, disciplined, multiparty democratic system and a democracy-based federal state.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President of the Republic of**
**the Union of Myanmar**
**Chairman, State Security and Peace Commission**

# Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, who was in Putao, Kachin State, pays homage to Kaung-hmu-lon Pagoda in Machanbaw Township, Putao District





Vice-Senior General Soe Win offers a meal, fruits, lights, flowers and water to the Buddha Image at the Kaung-hmu-lon Pagoda.

**Nay Pyi Taw December 18**

Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, who was in Putao, Kachin State, accompanied by Kachin State Chief Minister U Khet Htain Nan, senior military officers from Office of Commander-in-Chief, the Northern Command commander, deputy ministers and officials, paid homage to Kaung-hmu-lon Pagoda in Machanbaw Township, Putao District, this morning.

First, the Vice-Senior General and party offered a meal, fruits, lights, flowers and water to the Buddha Image at the Kaung-hmu-lon Pagoda and later, walked around the pagoda clockwise.

The Vice-Senior General signed the visitors book and presented cash donation for the pagoda all-round renovation project through members of the Pagoda Board of Trustees.

The famous Kaung-hmu-lon Pagoda is located at a place on the east bank of Malikha River near Kaung-hmu-lon village in Machnabaw Township, Putao District, Kachin State, in a sublime look. The pagoda holding three relics of Buddha in its reliquary was built in 244 BE during the reign of King Sridhammasoka. It is the tallest and largest pagoda in Putao area that stands magnificently as a proof of the perpetuation and propagation of Buddhism in the northern tip of Myanmar throughout the successive periods from the ancient times till now.

The Vice-Senior General and party visited local battalions and units of Machanbaw and Putao stations, cordially met with the wives of soldiers and looked into the requirements in coordination with officials. 100



Vice-Senior General Soe Win cordially meets wives of Tatmadawmen.

# More than 1,000 acres of onion and garlic planted in Pwintbyu Township

**Pwintbyu December 18**

Local farmers grew 1,173 acres of onion and garlic as cold season crops in Pwintbyu Township of Magway Region, exceeding the target cultivation, according to the township Agriculture Department.



A garlic plantation in Pwintbyu Township.

In Pwintbyu Township, authorities initially planned to cultivate 1,125 acres of onion and 28 acres of garlic during this year's winter cropping season. Planting began in October, and as of today, farmers have completed cultivation on 1,135 acres of onion and 38 acres of garlic, surpassing the original target.

"The plan for this year's winter season in Pwintbyu Township was to grow 1,153 acres of onion—both red and white varieties—to help strengthen local food security and increase farmers' income. As of today, cultivation has been completed on 1,173 acres, exceeding the planned area. To improve yield, enhance crop quality, and ensure the production of healthy crops, our department has been providing on-site technical support, including modern cultivation methods," said Daw Moe Moe Wai, Head of Pwintbyu Township Department of Agriculture. "Because onion prices have recovered, farmers have expanded their cultivation this year."

The Township Department of Agriculture has also supported red onion growers by helping them expand cultivated acreage, improve yields, access quality and locally suitable seed varieties, adopt proper cultivation systems, use fertilizers and inputs effectively, and prevent pests and diseases.

If farmers can successfully improve onion yields and quality, the harvest will support local consumption needs and any surplus can be sold for additional income, contributing to local socio-economic development. Therefore, efforts should continue across all areas to further expand onion cultivation, Daw Moe Moe Wai added.

Ye Win Naing (NyaungU)

# Additional 12 buildings used for online fraud and gambling operations demolished in KK Park area; equipment burned



An illegal two-story residential building in Zone 3 of KK Park area.

Before demolition. After demolition.

**Nay Pyi Taw December 18**

The Myanmar government is conducting clearance operations inside illegal buildings in the Shwe Kokko and KK Park areas, which are major hubs for online fraud and gambling operations. Security force members, administrative organizations, and local authorities, as part of a joint task force, are systematically demolishing seized assets used in online fraud and gambling processes along with the illegal structures.

As part of these ongoing operations against online fraud and gambling, today in Zone (3) of the Myawady-Maehtawthalay (KK Park) area, an additional 12 illegal buildings used for such crimes were demolished. These included two 3-story buildings, nine 2-story buildings, and one 1-story building. This brings the total number of illegal buildings demolished in the KK Park area to 478 out of a total of 635.

Furthermore, to prevent the entry and residence of illegal foreign nationals and to stop online fraud and gambling activities in and around the buildings in Myawady, Kayin State, a joint task force including security forces and local authorities began search and clearance operations from December 8. Today, they were able to inspect an additional 17 illegal buildings: two 4-story buildings, three 3-story buildings, five 2-story buildings, and seven 1-story buildings.

It is also learned that equipment used for committing online fraud and gambling in the KK Park and Shwe Kokko areas within Myawady Township was systematically burned today to prevent its reuse.

It is reported that the government, treating the crackdown on online fraud and gambling as a national duty, will continue its operations with the combined strength of domestic forces and in coordination with neighbouring governments to ensure these activities cannot take root in Myanmar. 100



Clearing out a building that could house illegal foreigners.



Illegal materials used for online scams and gambling in KK Park area being burned.

# Hundreds of Japanese residents sue gov't over inadequate climate response

**Tokyo December 18**

More than 450 residents from across Japan filed a lawsuit at the Tokyo District Court on Thursday, arguing that the government's response to climate change is inadequate and seeking compensation of 1,000 yen (about 6.4 U.S. dollars) per plaintiff.

According to the Asahi Shimbun, the 452 plaintiffs contended that rising extreme heat and the increasing frequency of natural disasters threaten their lives, health and property, infringing on their right to live with peace of mind and to enjoy a sustainable environment.

The lawsuit points to the goals set under the Paris Agreement, which the Japanese government has accepted, but failed to take sufficient measures to achieve, the plaintiffs argued.

This summer, Japan's average temperatures were significantly higher than the previous record, making it the hottest summer since records began in 1898.

At a news conference held on Thursday, one of the plaintiffs, Kohei Saito, an associate professor at the University of Tokyo, said it was heartbreaking to see children unable to play outdoors because of the extreme heat.

He said the lawsuit aims to push the Japanese government to adopt stricter measures to curb emissions.

Xinhua

# Ghanaian president vows to support Jamaica's post-hurricane construction

**Accra December 18**

Ghanaian President John Dramani Mahama has pledged Accra's preparedness to support Jamaica's recovery and reconstruction efforts following the devastation caused by Hurricane Melissa.

The gesture from Ghana was in the spirit of the historical bonds within the African-Caribbean family and in the spirit of South-South cooperation, Mahama said at an event Wednesday marking the dispatch of a Ghanaian contingent of military engineers to the Caribbean country to support ongoing reconstruction and relief work.

He noted that Ghana had donated 10 million Ghana cedis (about 869,500 U.S. dollars) in humanitarian aid to Jamaica, Cuba, and Sudan.

Mahama said that Ghana's support for the reconstruction efforts was in direct response to a personal request by Jamaican Prime Minister Andrew Holness.

"Our troops are going to help with reconstruction, with building, and also with providing support for the people of Jamaica," he added.

Mahama urged the soldiers to manifest exemplary conduct throughout their tour of duty in the Caribbean country to reflect the values of discipline and humanity of the Ghanaian soldier and show themselves as worthy ambassadors of the Republic of Ghana.

The contingent of 54 personnel, including nine officers, left Ghana on Wednesday for Jamaica after a short parade at the Kotoka International Airport. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲ ၁၁၀၁၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲ ၁၁၀၁၂ ကေ စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့မှာ ကေအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ တောင်သူများနှင့်ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ရောပဒေသာ စပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ရောပဒေသာ စပါးတင်းရေ ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ရောပဒေသာ စပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ရောပဒေသာစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက် က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ရောပဒေသာ စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဘက်က မှာယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့ အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။



ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

**သာစည် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သုံးခွကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သုံးခွကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဂဝံမြေလမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ကျေးရွာသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားသည်။

ဒိုက်ဦးမြို့နယ်သုံးခွကျေးရွာ၌ အရှည်ပေ ၄၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၉၆ ဒသမ ၇၁၃ သန်း အသုံးပြုပြီး Min & Khin ကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၁၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာသူ၊ကျေးရွာသားများ၏ သွားရေး လွယ်ကူအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကိုညို


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပွင့်ဖြူမြို့နယ် မဲရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ပွင့်ဖြူ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကုန်းကျေးရွာအုပ်စု မဲရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က မဲရင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် အချက်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ စီမံကိန်းချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ချေးငွေပြန်လည်ပေးဆပ်ရမည့် အတိုးနှုန်းထားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မဲရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၃၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကိုငွေကျပ် ၂၀ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦး အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကောင်းမှုလုံစေတီတော်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကောင်းမှုလုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြစဉ်။

❍ **ရှေ့ဖုံးမှအဆက်**

သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကောင်းမှုလုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက်ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် စေတီတော်၏ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော် ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ကောင်းမှုလုံစေတီတော်သည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာအနီး မလိခမြစ်၏ အရှေ့ဘက်ကမ်း၌ ကျောက်စောထင်ရှားသပ္ပာယ်စွာ တည်ရှိပြီး သာသနာသက္ကရာဇ် ၂၄၄၄ ခုနှစ် သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် မြတ်စွာဘုရား၏ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍တည်ထားကိုးကွယ်ခဲ့ကြောင်း၊ စေတီတော်သည် ပူတာအိုဒေသတွင် အရွယ်အစားနှင့် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ မြောက်ဖျားအစွန်းတွင် ရှေးခေတ်အဆက်ဆက်မှ ယခုခေတ်ကာလတိုင်အောင် ဗုဒ္ဓသာသနာတော် တည်တံ့ထွန်းကားပြန့်ပွားဆဲဖြစ်သည်ဆိုသည့် မော်ကွန်းအထိမ်းအမှတ်သဖွယ် ငွားငွားစွင့်စွင့်ကြွားကြွားဝင့်ဝင့်တည်ရှိနေတော်မူခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိမ်ထောင်သည်လိုင်းခန်းတွင် ရဲမေများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစဉ်။

မွန်းလွဲပိုင်းတွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မချမ်းဘော့တပ်နယ်နှင့် ပူတာအိုတပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များကို လိုက်လံကြည့်ရှုပြီး အိမ်ထောင်သည်ရဲမေများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ရဲမေများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(ဖ၀၁)



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် သိပ္ပံပွဲခင်းကျင်းပနိုင်ရေးနှင့် ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်တက္ကသိုလ်သိပ္ပံပွဲခင်းကျင်းပနိုင်ရေး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ပါမောက္ခ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ်တွင်ကျင်းပခဲ့သည့် သိပ္ပံပွဲခင်းကို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ မကျင်းပနိုင်တော့ပါကြောင်း၊ သိပ္ပံပွဲခင်းကို စည်ကားသိုက်မြိုက်စွာ ပြန်လည်အသက်သွင်းကျင်းပနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံနှင့် သိပ္ပံပွဲခင်းကို စည်ကားသိုက်မြိုက်စေရန် ပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဌာနများအနေဖြင့် သိပ္ပံပွဲခင်းကျင်းပရာတွင် ဘာသာရပ်ဆိုင်ရာ ဌာနများအလိုက် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်းနှင့် ပြခန်းများကို အကောင်းဆုံးပြသနိုင်ရေးပြင်ဆင်ထားကြရန် တိုက်တွန်းလိုပါကြောင်း။

IRဌာနအနေဖြင့် သိပ္ပံပွဲခင်းတွင် နိုင်ငံတကာသံရုံးများနှင့်ချိတ်ဆက်၍ ယဉ်ကျေးမှုဖလှယ်ပွဲများပါဝင်နိုင်ရေးချိတ်ဆက်ဆောင်ရွက်စေလိုပါကြောင်း၊ ဒေသဆိုင်ရာလေ့လာမှုသုတေသနစင်တာ(Area Studies Research Center)တစ်ခုတည်ထောင်ရန် လိုအပ်ပါကြောင်း၊ ယင်းစင်တာကို တည်ထောင်ခြင်းဖြင့် သိပ္ပံဘာသာရပ်များတွင် သုတေသီများ (researcher) မွေးထုတ်ပေးနိုင်သကဲ့သို့ လူမှုသိပ္ပံနှင့် သက်ဆိုင်သော(area study) တစ်ခုကိုလုပ်နိုင်မည့် Researcher များကိုလည်း မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Job Ready Skill သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဘာသာရပ်ဆိုင်ရာများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြစေလိုပါကြောင်း၊ သိပ္ပံပွဲခင်းနှင့် ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ပါမောက္ခဌာနမှူးများက သိပ္ပံပြပွဲကျင်းပနိုင်ရေးနှင့် သင်တန်းများဖွင့်လှစ်နိုင်ရေး အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင် ဆရာ၊ဆရာမကြီးများနှင့်တွေ့ဆုံ၍ ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံကျင်းပနိုင်ရေးဆွေးနွေးရာတွင် ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံနှင့် သိပ္ပံပွဲခင်းကို ပူးပေါင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပါမောက္ခဌာနမှူးများအနေဖြင့် စာတမ်းများအချိန်မီရရှိနိုင်ရေး တွန်းအားပေးထားရှိစေလိုပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ဖွင့်ပွဲနှင့် ပိတ်ပွဲများတွင် ထည့်သွင်းသွားရန် စီစဉ်ထားရှိပါကြောင်းနှင့်လိုအပ်သည်များကိုလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဝိဇ္ဇာသိပ္ပံသုတေသနညီလာခံကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှအဆက်

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်တင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ရန်ကုန်စီးပွားရေးတက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ငွေရတုအထိမ်းအမှတ်ကွံကော်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တက္ကသိုလ်ပင်မဆောင်ရှေ့တွင် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍အခမ်းအနားကိုတက္ကသိုလ်ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ်ကျောင်းသူများက "ဂုဏ်ယူပါသည် ငွေရတုတိုင်ပြီ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် စီးပွားရေးပညာရှင်များ၏ကဏ္ဍသည် အဓိကအရေးကြီးသည့်အတွက် စီးပွားရေးပညာရှင်များကိုမွေးထုတ်ပေးနေသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)၏ ၂၅ နှစ် မြောက်ကာလထိ အောင်မြင်တိုးတက်မှုမှတ်တိုင်ကိုဂုဏ်ပြုသည့်အနေဖြင့် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ) ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(ရွာသာကြီးနယ်မြေ)ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် ဘွဲ့ကြိုသင်တန်းများ၊ဂုဏ်ထူးတန်းများ၊မဟာအရည်အချင်းစစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကိုနိုင်ငံတော်အကြီးအကဲက အမြဲလမ်းညွှန်မှာကြားလျက်ရှိပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်တွင် နိုင်ငံတကာအဆင့်မီပညာရေးစနစ်ဖြစ်စေရန်အတွက် ကျောင်းသားဗဟိုပြုစဉ်းစားတွေးခေါ်မှုစနစ်၊ Case Study များနှင့် ပရောဂျက်အခြေပြုသင်ယူမှုစနစ်၊ လက်တွေ့အခြေပြု သင်ယူမှုနည်းစနစ်နှင့် စာကြည့်တိုက်ဗဟိုပြုစနစ်တွေကို အသုံးပြုသင်ကြားနေသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ယူလေ့လာမှုအခွင့်အလမ်းကောင်းများ ရရှိနေကြပြီဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသား၊ကျောင်းသူများ၏ပညာရည်မြင့်မားရေးကို ရည်ရွယ်ပြီး စီးပွားထူးချွန်ဆုနှင့် တက္ကသိုလ်ပညာသင်ဆုများကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်လျက်ရှိကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းသား၊ကျောင်းသူဟောင်းများ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ ဆွေးနွေးပွဲများ၊သုတေသနပိုစတာပြိုင်ပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ချိတ်ဆက်ဆောင်ရွက်နေကြသည်ကိုလည်း သိရှိရသဖြင့် နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုပါကြောင်း၊ တက္ကသိုလ်များတွင် မျိုးဆက်သစ်လူငယ်များကို မှန်ကန်သည့် အသက်မွေးဝမ်းကျောင်းအသိပညာ၊ အတတ်ပညာများလေ့ကျင့်သင်ကြားပေးနိုင်အောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံသားကျင့်ဝတ်၊လူမှုကျင့်ဝတ်၊ ဥပဒေ၊ စည်းမျဉ်း၊စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်းနှင့် မကြာမီကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတည်ဆောက်ရေးကို ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

"နိုင်ငံ၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"ဆိုသည့်ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဖြင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များရရှိရေး၊ဈေးကွက်ချဲ့ထွင်ရေးကို တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)အနေဖြင့် အနာဂတ်ကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်ပြီး အရည်အသွေးပြည့်ဝသည့် ပညာရှင်များကို ဆတက်ထမ်းပိုး တိုးမြှင့်မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်ကြီးအဖြစ် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်စွာရပ်တည်နိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် တက္ကသိုလ်၏ ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် Video Clip ကိုလည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်တို့မှ ကျောင်းသူများ၏ "ငွေရတုမှသည် ထာဝစဉ်တည်" တေးသီချင်း၊ "တူဆင့်နွဲပျော် ငွေရတုပွဲတော်" တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ငွေရတုအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်း (2nd ASEAN-US MARITIME EXERCISE-2nd AUMX)သို့တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့၌ ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်း (2nd ASEAN–US Maritime Exercise – 2nd AUMX)သို့တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီးခွန်အောင်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များပါဝင်သည့် စစ်ရေယာဉ်(ကျန်စစ်သား)သည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်းသို့ တက်ရောက်ရန်အတွက် စစ်ရေယာဉ်(ကျန်စစ်သား)သည် ဒီဇင်ဘာ ၃ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှစတင်ထွက်ခွာခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့သို့ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင်ရောက်ရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့သို့ရောက်ရှိစဉ် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်ထိ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆိုင်ရာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊လေ့ကျင့်ခန်းအမျိုးအစားအလိုက် ပင်လယ်ပြင် လက်တွေ့လေ့ကျင့်မှုများအတွက် အကြိုညှိနှိုင်းခြင်း၊ Table Top Exercise ပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများ အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်ခြင်း (Subject Matter Expert Exchange)၊ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ(Fun Game)များသို့ပါဝင်ယှဉ်ပြိုင်ကစားခြင်း၊ ညစာစားပွဲအခမ်းအနားများသို့ တက်ရောက်ခြင်းနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့တွင်း လေ့လာရေးခရီးစဉ်သွားရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

စစ်ရေယာဉ်(ကျန်စစ်သား)သည် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ဘာတန်မြို့မှ လေ့ကျင့်ခန်းဧရိယာသို့ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်ထိ အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ ပင်လယ်ပြင်လေ့ကျင့်ခန်းများကို အင်ဒိုနီးရှားနိုင်ငံ ဘာတန်ကျွန်း အရှေ့မြောက်ရေပြင်တွင် ဆောင်ရွက်ခဲ့သည်။ လေ့ကျင့်ခန်းဧရိယာအတွင်း စစ်ရေယာဉ်များပုံပြမောင်းနှင်မှုလေ့ကျင့်ခန်း၊ အလံတင်ပြမှုလေ့ကျင့်ခန်း၊ ပျက်စီးထိန်းလေ့ကျင့်ခန်း၊ မီးအချက်ပြမှုလေ့ကျင့်ခန်း၊ အရေးကြီးရေယာဉ်ကာကွယ်မှုပုံပြလေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေးနှင့်ကယ်တင်ကုသမှုလေ့ကျင့်ခြင်း၊ ဝေဟင်ဓာတ်ပုံရိုက်ကူးခြင်း၊ ပြန်လည်ဆွေးနွေးခြင်းနှင့် စစ်ရေယာဉ်များအပြန်အလှန်နှုတ်ဆက်ခြင်းများဆောင်ရွက်ခဲ့ကြသည်။ ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်း (2nd AUMX)ကို မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့် အမေရိကန်နိုင်ငံတို့မှ စစ်ရေယာဉ် ရှစ်စီး၊ ရဟတ်ယာဉ် တစ်စင်းတို့စေလွှတ်ပါဝင်ခဲ့ကြပြီး ကျန်အာဆီယံ လေးနိုင်ငံက လေ့လာသူကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန်ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်း(2nd AUMX)သို့ တက်ရောက်ခဲ့သည့် စစ်ရေယာဉ်(ကျန်စစ်သား)၏ ရန်ကုန်-အင်ဒိုနီးရှား-ရန်ကုန် ခရီးစဉ်သည် စုစုပေါင်း ရေမိုင် ၂၇၀၀ ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)





ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန်ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်း(2nd ASEAN–US MARITIME EXERCISE–2nd AUMX)သို့တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှစစ်ရေယာဉ်(ကျန်စစ်သား)ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာနေ့ထူးနေ့မြတ်အချိန်အခါကို ယခုလို နှစ်စဉ် ပြာသိုလဆန်း ၁ ရက်တွင် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင် ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြုသတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့၊ မင်္ဂလာရှိသောနေ့ဟု အဓိပ္ပာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုကူးပြောင်းသည့် ကရင်နှစ်သစ်ကူး အချိန်အခါသမယမှသည် နှစ်သစ်အတွက် ကရင်တိုင်းရင်းသားတို့သည် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ရင်းနှီးချစ်ကြည်စွာ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့် အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသောဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ စသည်ဖြင့် မည်သို့ပင်ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ အထူးသဖြင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် များပြားစွာရှိနေကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင်လည်း ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်သွေးချွေးတို့စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းက သက်သေတည်လျက်ရှိပါသည်။

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားလှပသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သည့်သစ်တောများရှိပြီး ဇွဲကပင်တောင်၏အလှသည် ကရင်ပြည်နယ်၏ အထင်ကရနေရာအမှတ်အသားတစ်ခုအဖြစ်တည်ရှိနေပါသည်။ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတမှာ ဖားစည်နှင့် ကျွဲချိုဖြစ်ပြီး ကရင်ဒုံးအကသည် လူကြိုက်များသောအကဖြစ်၍ ပြည်တွင်း၌သာမက ပြည်ပတွင်ပါထင်ရှားသော ကိုယ်ပိုင်ယဉ်ကျေးမှုအကတစ်ခုဖြစ်ပါသည်။ ကရင်မျိုးနွယ်စုအားလုံးသည် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲ၊ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲ စသည့် ဘာသာရေးဆိုင်ရာ ရိုးရာပွဲတော်များကို သတ်မှတ်ကာလအလိုက် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ပြုလုပ်ကျင်းပကြပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုသဘာဝအရ ရိုးသားပြီး မာန်မာနကင်းစင်ကာ ပွင့်လင်းဖော်ရွေကြသူများ အေးချမ်းစွာ နေထိုင်သူများဖြစ်ကြပါသည်။ အလားတူ ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်းကြီးမားကြပါသည်။ ကရင်တိုင်းရင်းသားများ၏ ဘိုးဘွားဘီဘင်အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို အစဉ်အလာအတိုင်း လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အားလုံးသည် မိမိတို့၏ကောင်းမြတ်သောအစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံး အတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များ ညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု အမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များ အချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံတော်ထာဝရငြိမ်းချမ်းရေးကို ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း လွဲမှားသည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအားလုံးအကျိုးထက် ကျဉ်းမြောင်းသည့် ကိုယ်ကျိုးအတ္တ

**မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အားလုံးသည် မိမိတို့၏ ကောင်းမြတ်သောအစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်. . .**

**ယနေ့ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်၊ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာဒေသများအတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီးကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ်တည်ဆောက်. . .**

များကို ရှေ့တန်းတင်နေကြခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများသည် ယနေ့ကာလထိ ရှည်ကြာနေပြီး မိဘပြည်သူ တိုင်းရင်းသားများ ဆင်းရဲဒုက္ခမျိုးစုံကြုံတွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံ၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ သို့သော်လည်း အချို့မှာ အမှန်အတိုင်းရှုမြင်ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ လမ်းမှားပေါ်၌ပင် လျှောက်လှမ်းနေဆဲဖြစ်နေကြရာ နိုင်ငံနှင့် ပြည်သူအကျိုးကို ရှေးရှုလျက် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းကြပါရန် အသိပေးတိုက်တွန်းလိုပါသည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို ထာဝရကြိုဆိုလျက်ရှိပြီး အစဉ်အမြဲတံခါးဖွင့်ထားပါကြောင်း ထပ်မံအသိပေးဖော်ပြအပ်ပါသည်။

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာဖြစ်ပါသည်။ ထို့ပြင် **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ပါသည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးနှင့် သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ရွေးကောက်ပွဲကြီး အောင်မြင်ရေး ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရေး၊ လူတိုင်း ကျန်းမာရေးကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲမှုလျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ကရင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်း ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရေး စသည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်း များ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်သည် စီးပွားရေးအတွက် အခြေခံကောင်းသည့် သဘာဝအရင်းအမြစ်များ ပေါ်ကြွယ်ဝသော ဒေသဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝအဆင့်ပြေတိုးတက်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုနှင့် နိုင်ငံ့စီးပွားတိုးတက်မှုလည်း များစွာအထောက်အကူဖြစ်နိုင်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာဒေသများအတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီးကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

❖ **ဆီးဂိမ်းပြိုင်ပွဲမှ**

ကြေးတံဆိပ်၊ နပန်းပြိုင်ပွဲမှ အမျိုးသမီး ကီလို ၅၀ တန်းတွင် ခိုင်စပယ်က ကြေးတံဆိပ်၊ ၅၃ ကီလိုတန်းတွင် ခင်ခင်စုက ကြေးတံဆိပ်၊ ၅၇ ကီလိုတန်းတွင် သဲသိမ့်သိမ့်သူက ကြေးတံဆိပ်၊ အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ငွေတံဆိပ်တို့ကို အသီးသီး ဆွတ်ခူးခဲ့ကြသည်။

အလားတူ မြန်မာအားကစားအဖွဲ့သည် ခရစ်ကက်အားကစားနည်း အမျိုးသမီး T20i အကြိုဗိုလ်လုပွဲ၊ ကဘာဒီအားကစားနည်း အမျိုးသား Three Stars အုပ်စုပွဲစဉ်နှင့် ဗိုလ်လုပွဲပြိုင်ပွဲများ၊ ဘော်လီဘော အမျိုးသားပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲအုပ်စုပွဲစဉ်နှင့် အကြို ဗိုလ်လုပွဲစဉ်များ၊ စားပွဲတင်တင်းနစ် အမျိုးသား တစ်ဦးချင်း အုပ်စုပွဲစဉ်ပြိုင်ပွဲ၊ ရိုးရာလှေအားကစားနည်း နဂါးလှေလှော် Men Small Boad မီတာ ၂၀၀၊ Women Small Boad မီတာ ၂၀၀၊ Mixed Standard Boad မီတာ ၂၀၀ ပြိုင်ပွဲများ၊ နပန်း အားကစားနည်း Women's Freestyle 50 Kg၊ 53 Kg၊ 57 Kg အုပ်စု ပတ်လည်ပြိုင်ပွဲများ၊ ရွက်လှေအားကစားနည်း အမျိုးသား၊ အမျိုးသမီး SSL47 နောက်ဆုံးအဆင့် အုပ်စုပွဲစဉ်ပြိုင်ပွဲများတွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များအပြီး မြန်မာနိုင်ငံက ရွှေသုံးခု၊ ငွေအခု ၂၀၊ ကြေး ၃၈ ခု စုစုပေါင်း ဆုတံဆိပ် ၆၁ ခုဖြင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် အဆင့် (၇) နေရာ၌ ဆက်လက် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

**STA**

# မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့(၁/၂၀၂၅) အစည်းအဝေး ကျင်းပ





**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုအစည်းအဝေးတွင် ကော်မတီရုံးခုံ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စာရင်းပညာဖွံ့ဖြိုးတိုးတက်ရေး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စာရင်းလုပ်ငန်းများ အောင်မြင်ထိရောက်စေရေး ကြိုးစားဆောင်ရွက်မှုများကို လျင်မြန်စွာပိုမိုတိုးတက်ဖြစ်ပေါ်စေရေးအတွက် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတကာစာရင်းစစ်စံများ၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေနှင့် မြန်မာနိုင်ငံစာရင်းကောင်စီက ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လက်တွေ့စာရင်းလုပ်ငန်းနယ်ပယ်တွင် သိရှိလိုက်နာနိုင်ရေးအတွက် MICPA ၏ CPD ဟောပြောပွဲများတွင် ဆွေးနွေးခြင်းဖြင့် အသိပညာပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ Off-site နှင့် On-site စစ်ဆေးမှုလုပ်ငန်းများ၊ အသိပညာမြှင့်တင်ရေးဟောပြောပွဲများနှင့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်းအပြင် မြန်မာနိုင်ငံငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအကူအညီရယူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်မှုရှိမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ယခင်အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အပေါ်ဆောင်ရွက်ပြီးစီးမှုနှင့် သက်ဆိုင်ရာကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဒုတိယစာရင်းစစ်ချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ စစ်ဆေးရေး၊ စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာ၌ကျင်းပသည့် လျှပ်စစ်မီး စတင်ပို့လွှတ်ခြင်းအခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်



**ဓနုဖြူ ဒီဇင်ဘာ ၁၈**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် နဲ့ကောကျေးရွာ၊ ရေလဲကျေးရွာ၊ အိုင်ကနူးကျေးရွာနှင့် ရေလဲတောင်စုကျေးရွာတို့တွင် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လျှပ်စစ်မီးစတင်ပို့လွှတ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်က လျှပ်စစ်မီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကျေးရွာအတွင်း လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းထားရှိမှုနှင့် အိမ်ထောင်စုအလိုက် လျှပ်စစ်မီတာများ စနစ်တကျတပ်ဆင်အသုံးပြုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဖွင့်ပွဲအပြီးတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ဓနုဖြူမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အုန်းချိုမွှေးခြံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဖုန်းဆိုးတောင်ကျေးရွာအုပ်စု ယင်းကတစ်ကျေးရွာရှိ ကွင်းအမှတ်(၁၃၃) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ပိုင်ခွင့်ရရှိထားသော ဧက ၁၈၀ တွင် Alloy ကုမ္ပဏီက စိုက်ပျိုးထားသည့် အုန်းချိုမွှေးပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**အောင်ပြည့်ဖြိုးဇော်(မြန်/ဆက်)**

# လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ရှိ မဲရုံထားရှိမည့်နေရာ၊ မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဟိုမိန်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် နားမွန်းလုံကျေးရွာ၊ မယ်အောကျေးရွာတို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံထားရှိမည့်နေရာနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လွှတ်တော်များအလိုက် မဲပုံးများထားရှိမည့်နေရာ၊ မဲရုံမှူးများထားရှိမည့်နေရာ၊ မဲစာရင်းစစ်ဆေးသူနေရာ၊ MEVM စက်ကိုင်တွယ်သူနေရာ၊ အီလက်ထရောနစ်မဲပေးစက်များ (MEVM) ထားရှိမည့်နေရာနှင့် လုံခြုံရေးဆောင်ရွက်ရန် စီမံပြင်ဆင်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ မဲရုံများအလိုက် မြန်မာအီလက်ထရောနစ် (MEVM) စက်များဖြင့် သရုပ်ပြလက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဒေသခံပြည်သူများ မဲရုံများအလိုက် မြန်မာအီလက်ထရောနစ် (MEVM) စက်များဖြင့် သရုပ်ပြ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။**

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧ၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၊ မဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲကို ယနေ့တွင် အဆိုပါမြို့နယ် နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲစာရင်းများမှန်ကန်မှုရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအားလုံးပါဝင်၍ အေးချမ်းလုံခြုံလွတ်လပ်စွာ မဲပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူ အသီးသီးက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကော့သောင်းမြို့နယ်အတွင်း မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) များ ထိန်းသိမ်းထားရှိသည့်နေရာနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ထားရှိမည့် လျာထားမဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧ၀၁)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင် မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
**အမိန့်အမှတ် ၅၃/၂၀၂၅**
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

### နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ဦးဝင်းမိုးခိုင်အား နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

### အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၆ ရက်မှ ၁၅-၅-၂၀၂၆ ရက်ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန**

# ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သာသနာ့မာန်အောင်ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၆ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလ တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧ၀၁)

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို မီးရှို့ဖျက်ဆီး






တရားမဝင်နိုင်ငံခြားသားများ ခိုအောင်းနေထိုင်နိုင်သည့် အဆောက်အအုံအား ရှင်းလင်းနေမှုကို တွေ့ရစဉ်။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။





KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံအား လေအိုး မီးအိုးဖြင့် ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများ အတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ကိုးလုံးနှင့် တစ်ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၇၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် လေးထပ်အဆောက်အအုံ နှစ်လုံး၊ သုံးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံ ငါးလုံးနှင့် တစ်ထပ်အဆောက်အအုံ ခုနစ်လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ၁၇ လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ထပ်မံ၍အသုံးပြုနိုင်ခြင်း မရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ငွေကြေးအရင်းအနှီးလိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာ

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် ပြည်တွင်းရှိဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ် ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်တို့က ထုတ်ချေးပေးလျက်ရှိသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက်လိုင်စင် (သက်တမ်းရှိ)ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်။

(င) FDAလက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဝင်လုပ်ငန်းရှင်များကို ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ချေးငွေပမာဏ**

(၁) လုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေ (Working Capital)အတွက်ချေးငွေ - အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀၀ ထိ

(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀၀ ထိ

(၃) ကျပ်သိန်း ၅၀၀၀ အထက် **ကျပ်သိန်း ၁၀၀၀၀ အထိ** ချေးငွေရယူလိုသော ကုမ္ပဏီအစုအဖွဲ့များ၊ ဆီစက်ကြီးများအနေဖြင့် စက်အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းများအတွက် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) လုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေ (Working Capital) - ချေးငွေသက်တမ်း(၁)နှစ်

(၂) မတည်ရင်းနှီးငွေ (Fixed Capital) - ချေးငွေသက်တမ်း (၃) နှစ် - ဆိုင်းငံ့ကာလ(၁) နှစ်၊ ပြန်ဆပ်ကာလ (၂) နှစ်၊ (၄) ရစ်ပေးဆပ်ရန်

(ဂ) **ချေးငွေအတိုးနှုန်း** - ၁ နှစ်လျှင် (၅%)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊

(စ) **ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်** [ကမ္ဘောဇဘဏ်လီမိတက်၊ ရောဝတီဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ (ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ သတ္တုဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ မြန်မာ့ခရီးသွားဘဏ်လီမိတက်၊ ဆောက်လုပ်ရေးအိမ်ရာနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာမက်ထရိုဘဏ်လီမိတက်]။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန website www. mopf. gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www. meb.gov.mm၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ**
**စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

## ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး YMBA အသင်းက သွေးလှူဒါန်းခြင်းနှင့်ရွေးကောက်ပွဲအထောက်အကူပြု စာအုပ်များလှူဒါန်း




**မန္တလေး ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး YMBA အသင်းမှ အသင်းသားများ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် တက္ကသိုလ်ခုနစ်ခုသို့ ရွေးကောက်ပွဲအထောက်အကူပြုစာအုပ်များ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနေရာများ၌ ကျင်းပသည်။

ဦးစွာ YMBA အသင်းဝင် အသင်းသား ၁၀၅ဦးတို့က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြပြီး သွေးလှူဘဏ်မှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး YMBA အသင်းဥက္ကဋ္ဌ ဦးကြည်စိန်နှင့် တွဲဖက် အတွင်းရေးမှူး ဦးကျော်ကျော်ဝေတို့က မန္တလေးတက္ကသိုလ် URC အစည်းအဝေးခန်းမ၌ ရွေးကောက်ပွဲအထောက်အကူပြုစာအုပ်များကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာရီရီချို့နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေးတို့က လက်ခံရယူကြပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်မာရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မောင်အေးချမ်း**

## မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌအား အရှေ့တောင်အာရှစာပေဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ထိုင်းနိုင်ငံအခြေစိုက် အရှေ့တောင်အာရှ စာပေဆုရွေးချယ်ရေးကော်မတီ (The S.E.A Write Award Organising Committee)သည် ၂၀၂၅ ခုနှစ်အတွက် အရှေ့တောင်အာရှ စာပေဆုရရှိသူ(The S.E.A Write Awardees)များအဖြစ် မြန်မာနိုင်ငံမှ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌဖြစ်သူအပါအဝင် အရှေ့တောင်အာရှနိုင်ငံ ခုနစ်နိုင်ငံမှ စာရေးဆရာ၊ ကဗျာဆရာများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ အဆိုပါ ဆုပေးပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်တွင် ဒီဇင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ထိုင်းဘုရင့်သမီးတော် Sirivannavari Nariratana Rajakanyaတက်ရောက်၍ မြန်မာ၊ထိုင်း၊ အင်ဒိုနီးရှား၊ဖိလစ်ပိုင်၊ မလေးရှား၊လာအို၊ ဗီယက်နမ်အစရှိသောနိုင်ငံများမှ ဆုရရှိသူများကို ဆုချီးမြှင့်ပေးအပ်သည်။

မြန်မာနိုင်ငံမှ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် ၂၀၂၃ ခုနှစ်က အမျိုးသားစာပေဆုရရှိခဲ့သော အမေ့အပြုံးနှင့်အဖေ့မျက်ရည်စာအုပ်အတွက် ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ခံရခြင်းဖြစ်ကြောင်းနှင့်ဒီဇင်ဘာ ၁၇ ရက် ည ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ထူးခြားသည့် ညအပူချိန်များ ( ၁၈ - ၁၂ - ၂၀၂၅ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | မချမ်းဘော့ | ၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | နောင်ချို | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တရုတ်နိုင်ငံတွင် မြူထူထပ်စွာ ကျရောက်နေသဖြင့် အဝါရောင်သတိပေးချက် ထုတ်ပြန်ထား



ပေကျင်း ဒီဇင်ဘာ ၁၈

တရုတ်နိုင်ငံတွင် ဒီဇင်ဘာ ၁၇ ရက်ကစ၍ မြူထူထပ်စွာ ကျရောက်နေသဖြင့် အမျိုးသား မိုးလေဝသဌာန (NMC)က အဝါရောင် သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ၏ အမျိုးသား စောင့်ကြည့်ရေးဌာနက ထုတ်ပြန်ထားသည့် မြူထူထပ်စွာကျဆင်းနေသော ပြည်နယ်များမှာ ဟီဘေး၊ ပေကျင်း၊ ထျန်းကျင်း၊ ဟီနန်၊ အန်ဟွေ၊ ကျန်းစု၊ ဟူဘေး၊ စီချွမ် ချုံချင့်မြို့နှင့် ချုံကင်းဒေသတချို့တို့ဖြစ်ပြီး ယနေ့တွင်လည်း မြူထူထပ်စွာ ကျဆင်းနေဆဲဖြစ်သဖြင့် အဝါရောင်သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဟီဘေး၊ ဟီနန်၊ စီချွမ် ချုံချင့်မြို့နှင့် ချုံကင်းဒေသ တချို့တွင် မြူကျဆင်းမှုက မြင်နိုင်စွမ်းကို အတော်လေးကျဆင်းစေကာ ယာဉ်မောင်းများကို ယာဉ်အန္တရာယ်ကင်းစေရေးအတွက် အမြန်နှုန်းများကို လျှော့ချပြီး သတိပြုမောင်းနှင်ကြရန်နှင့် လေဆိပ်များ၊ အဝေးပြေး လမ်းမကြီးများနှင့် သင်္ဘောဆိပ်ကမ်းများကို သဘာဝဘေးဒဏ်ခံနိုင်ရေး သင့်လျော်သော ဘေးကင်းရေးအစီအမံများပြုလုပ်ထားရန် တရုတ်နိုင်ငံ အာဏာပိုင်များက ညွှန်ကြားထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# သီရိလင်္ကာနိုင်ငံမှ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း လှူဒါန်း

တိုကျို ဒီဇင်ဘာ ၁၈

သီရိလင်္ကာနိုင်ငံတွင် ဒီဇင်ဘာ ၉ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လူဦးရေ ၂ ဒသမ ၂ သန်းထိ ဆိုင်ကလုန်းမုန်တိုင်းဒဏ် သင့်ခဲ့ပြီး ကြီးမားသည့် ပျက်စီးမှုများဖြင့် ရင်ဆိုင်ခဲ့ရသောကြောင့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဂျပန်နိုင်ငံက သီရိလင်္ကာနိုင်ငံကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း လှူဒါန်းခဲ့ကြောင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၁၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်ကြောင့် လူသားချင်း စာနာထောက်ထားရေး အစီအစဉ်အရ အကူအညီများလိုအပ်နေပြီး ဂျပန်နိုင်ငံအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများပြုလုပ်ပေးရန် ဆေးအဖွဲ့ကိုလည်း စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

"မိတ်ဆွေနိုင်ငံဖြစ်တဲ့ သီရိလင်္ကာနိုင်ငံဟာ ဆိုးရွားတဲ့ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ သီရိလင်္ကာနိုင်ငံအတွက် တတ်နိုင်သလောက် ကူညီပေးသွားမှာ ဖြစ်ပါတယ်။ တာဝန်ရှိသူတွေနဲ့လဲ ဆွေးနွေးခဲ့ပြီးဖြစ်သလို အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း လှူဒါန်းနိုင်ခဲ့ပါတယ်။ သဘာဝဘေးဒဏ်သင့် ပြည်သူတွေအတွက် လိုအပ်တာတွေလဲ ဆက်လက်ပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်"ဟု ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တိုရှီမစ်ဆူက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံ ၁၁၂၁၁၀ လုံး ပျက်စီးခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဗီယက်နမ်နိုင်ငံ၌ ၂၀၂၆ ခုနှစ်တွင် မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

ဟနွိုင်း ဒီဇင်ဘာ ၁၈

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၆ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ မျှော်လင့်မထားသောသဘာဝဘေး အန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ် ရှိနေကြောင်း ဗီယက်နမ်နိုင်ငံ National Center for Hydro-Meteorological Forecasting ဌာနမှ သုတေသီအဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ National Center for Hydro-Meteorological Forecasting ဌာနမှ သုတေသီအဖွဲ့က ကြိုတင်ခန့်မှန်းမှုများပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း အအေးဓာတ်မြင့်မားမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ပြင် ၂၀၂၆ ခုနှစ်အတွင်း တိုင်ဖွန်းမုန်တိုင်း ၁၅ ကြိမ်နှင့် အပူပိုင်းမုန်တိုင်း ခြောက်ကြိမ်ခန့်ထိ ဝင်ရောက် တိုက်ခတ်နိုင်ကြောင်း သိရသည်။



"၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်တွေနဲ့ မကြာခဏ ရင်ဆိုင်ခဲ့ရသလို ၂၀၂၆ ခုနှစ်အတွင်းမှာလဲ မျှော်လင့်မထားတဲ့ သဘာဝဘေး အန္တရာယ်တွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ၂၀၂၆ ခုနှစ်အတွင်းမှာ ရင်ဆိုင်ကြုံတွေ့ရနိုင်တဲ့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ကြိုတင်သိရှိနိုင်ဖို့လိုအပ်ပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အချိန်မှာလဲ ပြန်လည်တုံ့ပြန်ရေး အစီအစဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ထားနိုင်ဖို့အတွက် သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ကြိုတင်သိရှိထားနိုင်ဖို့ လိုအပ်ပါတယ်"ဟု ဗီယက်နမ်နိုင်ငံ National Centre for Hydro- Meteorological Fore-casting ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သူ ဟောင်ပက်လန်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဆလိုဗေးနီးယားနိုင်ငံက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုတိုးချဲ့ရန် ကြိုးပမ်းမှုအနေဖြင့် အဆောက်အအုံ အသစ်များတွင် နေရောင်ခြည်စွမ်းအင်စနစ် တပ်ဆင်မည်

ဂျူလဲလ်ဂျားနား ဒီဇင်ဘာ ၁၈

ဆလိုဗေးနီးယားနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အသုံးပြုမှုတိုးချဲ့ရန် ကြိုးပမ်းမှုအနေဖြင့် အဆောက်အအုံအသစ်များတွင် နေရောင်ခြည်စွမ်းအင် စနစ် တပ်ဆင်သွားမည်ဖြစ် ကြောင်း ပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆလိုဗေးနီးယား ပါလီမန်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုကိုတိုးချဲ့ရန် နိုင်ငံ၏ ကြိုးပမ်းမှုအနေဖြင့် အဆောက်အအုံသစ်အများစုကို နေရောင်ခြည်စွမ်းအင်သုံးစနစ်များ တပ်ဆင်ရမည့် ဥပဒေသစ်တစ်ရပ်ကို အတည်ပြုခဲ့သည်။

အဆိုပါ ဥပဒေသစ်တွင် ဧရိယာ စတုရန်းမီတာ ၁၀၀၀ ထက်ကျော်သော မကြာသေးမီက တည်ဆောက်ထားသည့် လူနေအိမ် မဟုတ်သော အဆောက်အအုံ အများစုကို ၂၀၂၆ ခုနှစ်မှစ၍ နေရောင်ခြည် စွမ်းအင်သုံးစနစ် တပ်ဆင် သွားမည်ဖြစ်ကြောင်း၊ ၂၀၂၇ ခုနှစ်မှစ၍ လူနေအိမ်မဟုတ်သော အဆောက်အအုံငယ်များထိပါ တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် လူနေအိမ်အဆောက်အအုံအသစ်များပါ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် ယခုကဲ့သို့ ဥပဒေသစ်တစ်ရပ် အတည်ပြုခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင်ဝန်ကြီးဌာန၏ ပြည်နယ်အတွင်းရေးမှူး တီနာဆာဆန်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# ရေဘေးအန္တရာယ် အရေးပေါ်အဆင့်ကို လျှော့ချလိုက်ပြီဖြစ်ကြောင်း ဖီဂျီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်

ဆူဗာ ဒီဇင်ဘာ ၁၈

ဖီဂျီနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒီဇင်ဘာ ၁၆ ရက်တွင် ရေဘေးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ခဲ့သော်လည်း ဒီဇင်ဘာ ၁၇ ရက်တွင် တည်ငြိမ်သွားခဲ့ပြီ ဖြစ်သောကြောင့် ရေဘေးအန္တရာယ်ကို အရေးပေါ်အဆင့်မှ လျှော့ချလိုက်ပြီဖြစ်ကြောင်း ဖီဂျီမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှု အရေးပေါ် အဆင့်အဖြစ် သတ်မှတ်ခဲ့သည့် ဒေသမှာ ဗာနူအာလီဗူဒေသနှင့် ရီတူမာဒေသတို့ ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ ဘေးကင်းစေရေးအတွက် ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ကုန်းနိမ့်ပိုင်းဒေသများ၌သာ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၁၆ ရက်မှာ TD03F အပူပိုင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ မုန်တိုင်းနဲ့အတူ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်တဲ့အတွက် အရေးပေါ် အခြေအနေ သတ်မှတ်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒီဇင်ဘာ ၁၇ ရက်မှာ မုန်တိုင်းအခြေအနေ တည်ငြိမ်သွားခဲ့ပြီဖြစ်သလို မြစ်ရေလဲ ပြန်လည် ကျဆင်းသွားခဲ့ပြီဖြစ်တဲ့အတွက် အရေးပေါ်အခြေအနေကနေ သာမန်သတိပေးအဆင့်ကို လျှော့ချလိုက်ပါတယ်။ ကုန်းနိမ့်ပိုင်းဒေသတွေမှာတော့ ရေကြီးရေလျှံမှု စတင်ဖြစ်ပေါ်နေပါတယ်"ဟု ဖီဂျီမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# အချစ်မှာ အနှစ်အကာရှိတယ်

## အမေ့သား(နတ်မောက်)



**ဒီဇင်ဘာ ၁၄ ရက်မှအဆက်**

( ၄ )

ဆေးနှင့်တွေ့တော့ နှမ်းပင်ကလေးများဆီမှ ပိုးမွှားများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတော့သည်။ အသီးကလေးများ ပြွတ်တွဲနေအောင် သီးလာသည့်အခါ အောင်စိုး ပျော်ရသည်။ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့နှင့် ကြီးပြင်းကာ ရင့်မှည့်လာကြပြီး နှမ်းနုတ်ရသည့်အချိန်သို့ပင် ရောက်လာခဲ့ချေပြီ။

အောင်စိုးသည် နှမ်းပင်ကလေးများကို အပင်ခြေရင်းကနေ ဆွဲကိုင်ပြီးနုတ်၏။ မြေကပွတော့ တစ်ချက်နုတ်ရုံနှင့် ပါလာသည်။ အောင်စိုးသည် နှမ်းနုတ်နေရင်း ခင်နှင်းမေအကြောင်း အတွေးရောက်ကာ ပြုံးလာလိုက်၊ ရယ်လာလိုက်နှင့် မောရှိမောမှန်းပင် မသိပေ။ နေပူ၍ နေပူမှန်းလည်း မသိပေ။

ခင်နှင်းမေကို ပွင့်လင်းစွာ ဖွင့်ပြောရန် စဉ်းစားပါသော်လည်း မအောင်မြင်ခဲ့။ အိမ်ထဲကနေ အိမ်ပြင်ထွက်ရန်ခဲယဉ်းသည့် ခင်နှင်းမေကို ဖမ်းမိဖို့ထက် ကျားမြီး ပြေးဆွဲတာကမှ လွယ်ဦးမည်။ မြို့ပေါ်သွားပြီး စာသင်ချိန်အပြီးကို စောင့်နေရအောင်လည်း အောင်စိုး မစွမ်းသာ။ တစ်ခါတလေ လမ်းမှာတွေ့၍ စကားပြောဖြစ်လျှင်တောင် အထစ်ထစ်အငေါ့ငေါ့နှင့် လိုရာကို မရောက်ချင်။

နောက်ဆုံး အရဲစွန့်ကာ ဇင်မေ့ကို အကူအညီတောင်းရသည်။ ရင်တွင်းဖြစ်ကို မညီမညာ၊ မလှမပ လက်ရေးကလေးဖြင့် အားနာစွာ အမှွမ်းတင်ပြီးနောက် ဇင်မေကနေတစ်ဆင့် ပေးခိုင်းရ၏။ လူ့သဘာဝကို နားလည်သည့် ဇင်မေက ကြည်ကြည်ဖြူဖြူပင် ကူညီရှာပါသည်။ ကျေးဇူးတင်ရ၏။ ဇင်မေ တစ်ယောက် တူသောအကျိုး ပြန်လည်ခံစားရပါစေ။ ခင်နှင်းမေက စာကိုလက်ခံ၍ ဖတ်ရှုသည်ဆိုတော့ အောင်စိုး ဝမ်းသာ၍မဆုံး။ တပြုံးပြုံးနှင့် ရင်ခုန်နေရသည်။

"လူလေး... ဘာတွေ တွေးပြီး ပြုံးနေတုံး"

အမေ့အသံကြားတော့ ကြည်နူးစိတ်ကလေး အဝေးကို လွင့်၏။ အောင်စိုး ရှက်ကိုးရှက်ကန်း ဖြစ်မိသည်။ ချက်ချင်း ဘာပြန်ပြောရမည်မသိ။

"ဘာ... ဘာမှမဟုတ်ပါဘူး အမေရယ်။ နှမ်းပင်တွေ ပြွတ်တွဲနေအောင် သီးနေတာမြင်တော့ ဝမ်းသာလို့ပါ"

အမေက ဆက်မပြောတော့ဘဲ နှမ်းပင်ကိုသာ ဆက်နုတ်နေလေသည်။

အောင်စိုးလည်း နှမ်းပင်ကိုသာ ဟန်မပျက် ဆက်နုတ်နေရသည့်တိုင် ခင်နှင်းမေထံမှ ပြန်လာမည့် တုံ့ပြန်စကားကို ရင်ခုန်နေမိသည်။

တစ်ပတ်တိတိ ကြာသွားသည်ထိ ခင်နှင်းမေထံမှ တုံ့ပြန်စကား မကြားရသေး။ ဇင်မေ ပြောပြသလောက်တော့ အခြေအနေမဆိုးလှ။ စိတ်ရှည်စွာ စောင့်ဆိုင်းနေရုံသာ ရှိသည်။ စိုးဝင်းကတော့ အောင်စိုး၏ အပြုအမူကို နှာခေါင်းရှုံ့၏။ စာပေးသည်ဆိုတာက ဟိုး ရှေးရှေးမှာ ကျန်ခဲ့ပြီ။ ယခုလို အရာရာ ခေတ်ရှေ့ပြေးနေသည့်နည်းပညာခေတ်ကြီးမှာ စာပေးသည်ဆိုတာက ခေတ်နောက်ကျသည်ဆို၏။ ပြန်စာကို ကာလရှည်ကြာ စောင့်ဆိုင်းနေစရာလည်း မလို။ သဘောကျနှစ်သက်လျှင် ပွင့်လင်းစွာပြောဆိုနိုင်၏။ မပြောရဲလျှင် အင်တာနက်ကို ကြားခံအဖြစ် အသုံးပြုနိုင်၏။ စိုးဝင်းသည်ပင် အင်တာနက်ကနေ ကောင်မကလေးတစ်ယောက် ရနေပြီဆို၏။

အောင်စိုးကတော့ စိုးဝင်းလို မဟုတ်ခဲ့။ ရှေးရိုးစွဲဆန်သည်ဆိုချင်ဆို စာပေးသည်က ယဉ်ကျေးသိမ်မွေ့ပြီး တစ်ဖက်မိန်းကလေး၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရာရောက်သည်ထင်၏။

( ၅ )

အချစ်သည် အဆင့်အတန်း ခွဲခြားသည်မရှိပါချေ။ မတူညီသော ဘဝနှစ်ခုကို ထိန်းညှိပေးနိုင်စွမ်းရှိ၏။ ခင်နှင်းမေသည် အောင်စိုး၏ မေတ္တာစကားကို လက်ခံသည်ဆို၏။ အတိုင်းမသိ ဝမ်းသာရသည်။ ပျော်ရွှင်ရသည်။ အချိန်ပေးပြီး စိတ်ရှည်စွာ စောင့်ဆိုင်းရကျိုးနပ်သည်။ သို့သော် ခင်နှင်းမေသည် အောင်စိုးနှင့် တွေ့ခွင့်ရဖို့ကိုကား အခြေအနေ မပေးသေးပေ။ ဒါကိုလည်း အောင်စိုး နားလည်ပါသည်။ မိဘ၊ ဘိုးဘွား၊ ဆွေမျိုးများ ရိပ်မိသွားလျှင် မကောင်း။ စာကလေးနှင့် ဆက်သွယ်ခွင့်ရသည်ကိုပင် ကျေးဇူးတင်ရပါ၏။

ခင်နှင်းမေသည် လူပင် လှသည်မဟုတ်။ လက်ရေးကလေးများသည်လည်း ဝိုင်းစက်၍နေ၏။ အောင်စိုး ပေါ်ပေါ်ထင်ထင်တော့ မဖတ်ရဲ။ အမေ့အရိပ်အခြည်ကိုကြည့်ပြီး ကွယ်ရာတွင် ဖတ်ရ၏။ မေတ္တာဓာတ်များ ပြည့်နှက်နေသည့် ခင်နှင်းမေ၏ စာကလေးများက အောင်စိုးကို ပျော်ရွှင်စေသည်။ အချိန်ကာလ အတော်ကြာလာတော့ ခင်နှင်းမေ ရေခပ်ဆင်းချိန်ကိုစောင့်ပြီး မဝံ့မရဲ စကားပြောခွင့်ရ၏။

ရေခပ်ဆိပ်ကလေးတွင် လူသူလေးပါး ကင်းရှင်းသည့်အခါ ချောင်းကမ်းပါးခြေရှိ သရက်ပင်ကလေးအောက် သွားရောက်ပြီး ခင်နှင်းမေနှင့် အနီးကပ်တွေ့ဆုံခွင့်ရ၏။ ထိုသို့ တွေ့ဆုံခွင့်ရသော်လည်း ခင်နှင်းမေ၏ လက်ကလေးကိုပင် ကိုင်ခွင့်မရဘဲ လှပကျော့ရှင်းနေသည့် ခင်နှင်းမေ၏ မျက်နှာကလေးကိုသာ အောင်စိုး ငေးမောကြည့်ရှုခွင့်ရ၏။ ခင်နှင်းမေသည် အောင်စိုးနှင့် တွေ့လေတိုင်း ရှက်နေသည့်ဟန်။ အောင်စိုးကိုပင် ရဲရဲဝံ့ဝံ့ ပြန်မကြည့်ဝံ့။ ဒါကပင် ချစ်စရာကောင်းနေပါ၏။ အောင်စိုး ပျော်နေပါ၏။ သို့သော် ကြာကြာပျော်ခွင့်မရ။ ခဏတစ်ဖြုတ် စကားပြောပြီးပြန်ရ၏။ အချိန်ကြာနေလျှင် အရိပ်အခြည်ကြည့်ပေးနေသည့် ဇင်မေ စိတ်ဆိုးသွားနိုင်သည်။

( ၆ )

"ဟောဗျာ... ဟုတ်ရဲ့လား"

အမေ့ဆီမှ စိုးဝင်းသတင်း ကြားကြားချင်း အောင်စိုး မယုံချင်။ အမေက တထစ်ချ ပြောဆိုနေတော့ အောင်စိုး ထိုင်ရာမှ ထပြီး စုံစမ်းရတော့သည်။ တွေ့သည့်သူတိုင်းက အတည်ပြု ပြောဆိုနေသည်ကိုပင် အောင်စိုး မယုံကြည်နိုင်သေး။ စိုးဝင်းအိမ် ပြေးကြည့်လေမှ ဟုတ်မှန်နေကြောင်း တွေ့ရ၏။ အောင်စိုး ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ စိုးဝင်းသည် ဘယ်ကမှန်းမသိသည့် မိန်းကလေးတစ်ယောက်ကို ရုတ်တရက် ရွာသို့ ခေါ်လာကာ အိမ်ထောင်ပြုမည်ဆို၏။ တစ်ရွာလုံး အံ့ဩသွားရသည်။ စိုးဝင်း၏ အမေဆို မျက်ရည်နှင့်မျက်ခွက်။ ငယ်ငယ်ရွယ်ရွယ်သားကလေးအတွက် ယူကျုံးမရ ဖြစ်နေရှာ၏။ "နေပါအုံး"ဟု တား၍ကလည်း မရပြန်။ မပေါ့မပါး ဖြစ်နေရှာသည့် တစ်ဖက်အမျိုးသမီးကို ကိုယ်ချင်းစာရသည်။ စိုးဝင်းကလည်း တာဝန်ယူကာ ရင်ဆိုင်ပါမည်ဟု ယောကျ်ားမာန ထုတ်ကာပြတော့ တစ်မျိုးဂုဏ်ယူရပြန်၏။

စိုးဝင်းသည် သူ့စကားကို တည်စွာဖြင့်ပင် မပေါ့မပါးဖြစ်နေသည့် ဇနီးသည်ကို ကြင်နာစွာ ပြုစုရှာ၏။ ယုယရှာ၏။ သားဦးကလေး မွေးဖွားလာတော့ စိုးဝင်းနှင့် တစ်ရပ်တည်း။ ခွဲ၍ပင်မရချင်။ ပျော်ရွှင်နေသည့် စိုးဝင်းမှာ မြောက်ကြွကြွ။ မိဘအိမ်တွင် ကပ်နေသည်မှာ ကြာလာတော့ မွေးချင်းမောင်နှမများက ငြိုငြင်လာ၏။ အိမ်ကလေးခွဲပြီး လုပ်ကိုင်စားသောက်ရန် ယာတစ်ကွက်ပေး၏။ ငယ်ငယ်ကတည်းက ကျင်လည်ခဲ့သည့် တောင်သူလုပ်ငန်းဖြစ်သောကြောင့် စိုးဝင်းအတွက် မခက်ခဲ။ သို့သော် ပါရမီဖြည့်ဖက်က အပင်ပန်းမခံနိုင်။ အလုပ်ကြမ်းလုပ်ခဲ့ဖူးပုံ မပေါ်။ အသုံးအစွဲလွန်ကဲခဲ့ပုံတော့ရ၏။ လိုသလောက် ငွေမရသည့်အခါ စိုးဝင်းအပေါ်ပြစ်စူလာသည်။ နေ့စဉ်နီးပါး စကားများကြ၏။ စိုးဝင်းသည် ထိုဒဏ်ကို အရက်ကလေးနှင့်ဖြေသိမ့်လာ၏။ကြာလာတော့ ဇနီးသည်က မခံနိုင်။ အိမ်ပေါ်မှဆင်းပြေးတော့ စိုးဝင်းမှာ ရင်ကွဲပက်လက်။ ကလေးတစ်ဖက်နှင့် အရက်စွဲ ရောဂါသာ ကျန်ရစ်ခဲ့လေ၏။ စိုးဝင်းအတွက် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး အောင်စိုး မတတ်နိုင်ရှာ။ အားပေးစကားပြောသော်လည်း အရွယ်နှင့်မမျှ ခံစားနေရသည့် စိုးဝင်းအနေဖြင့် နားမဝင်ရှာပေ။

( ၇ )

"နင်တို့နှစ်ယောက် မြန်မြန်ယူကြပါတော့ဟယ်"

ဇင်မေသည် ကျောင်းပြီး၍ ဘွဲ့ရပြီဆိုသော်လည်း အလုပ်မရသေးမီ တောထဲသို့ လိုက်နေရသေး၏။ ဇင်မေတို့ယာခင်းနှင့် အောင်စိုးတို့ယာခင်းက ကပ်လျက်ဖြစ်သည်။ လယ်ကန်သင်းရိုးသာ ခြား၏။ ထိုလယ်ကန်သင်းရိုးရှိ မြက်ပင်များကို ကိုယ်စီရိတ်နေရင်း နှစ်ယောက်သား ဆုံမိကြသည်။ အောင်စိုးက တံစဉ်ကို ခါးကြားထိုးလိုက်ပြီး ရိတ်ပြီးသား မြက်ပင်ကလေးများကို စုပုံသည်။ တစ်ထုံးစာမရသေး။ ထပ်ရိတ်ရဦးမည်။

"ယူချင်တိုင်း ယူလို့ရတာမှမဟုတ်တာ။ ရှေ့ရေးအတွက် စုရဆောင်းရအုံးမယ်ဟ"

အိမ်ထောင်တစ်ခု ပြုဖို့ဆိုသည်ကား ပြောသလောက် လွယ်သည်မဟုတ်ပါချေ။ အခြေခိုင်ရန် စုဆောင်းရဦးမည်။ အိမ်ထောင်ပြုပြီးခါမှ မိဘအရိပ်ခိုကပ်နေ၍မကောင်း။ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တည်နိုင်အောင် ကြိုးစားရမည်။ ထို့ကြောင့် ခင်နှင်းမေနှင့် ပွင့်လင်းစွာ တိုင်ပင်ဖြစ်၏။ ခင်နှင်းမေက နားလည်မှုရှိရှိ လက်ခံရှာသည်။ သူ့အနေဖြင့်လည်း ကျောင်းပြီးသည်နှင့် အိမ်ထောင်ပြုသည် မဖြစ်စေလို။ အလုပ်ကလေးရအောင် ကြိုးစားပြီး မိဘကို ပြုစုလုပ်ကျွေးဦးမည်ဆို၏။ အောင်စိုး သာဓုပင် ခေါ်မိပါသည်။ ကာလရှည်ကြာ တည်ဆောက်ခဲ့သည့် သံယောဇဉ်တရားသည် နှစ်ဦးနှစ်ဖက် နားလည်မှုကို ပို၍ရှိလာစေ၏။ တစ်ယောက်နှင့် တစ်ယောက် ပို၍မြတ်နိုးလာစေ၏။ ထိုအချစ်သည် ပျော်စရာကောင်းသည်။ အေးချမ်းမှုရှိသည်။

"နင်တို့နှစ်ယောက်ကိုတော့ ငါ တကယ်လေးစားတယ် သိလား"

ဇင်မေ့ဆီမှ မဆီမဆိုင်စကားတစ်ခွန်းကို ကြားရတော့ အောင်စိုး အံ့ဩသွားရသည်။

"ဘာလို့လဲဟ"

"ဟုတ်တယ်လေ၊ နင်တို့နှစ်ယောက် ဒီလောက်နှစ်တွေ အကြာကြီး တွဲလာကြတာ၊ နင်တို့နှစ်ယောက် သမီးရည်းစားဖြစ်နေကြတယ်ဆိုတာ ငါကလွဲပြီး ဘယ်သူမှ သိကြတာ မဟုတ်ဘူး။ ကဲ... ကုန်ကုန်ပြောမယ် နင့်အမေတောင် မသိဘူး၊ ဟုတ်တယ်မလား"

သည်လိုစကားမျိုး ကြားရတော့လည်း အောင်စိုး ဂုဏ်ယူရ၏။ ဝမ်းသာရ၏။ အောင်စိုး အမြတ်တနိုးတန်ဖိုးထားရပါသော ခင်နှင်းမေ။ နှစ်ရှည်လများ မေတ္တာမျှခဲ့ကြသည့်တိုင် လက်ကလေးကိုမျှ နွေးနွေးထွေးထွေး ဆုပ်ကိုင်ခွင့်မရရှာ။ သို့တိုင် ခင်နှင်းမေကို အောင်စိုး ချစ်သည်။ အောင်စိုး မြတ်နိုးသည်။ နှစ်ယောက်တစ်ဘဝ တည်ဆောက်နိုင်အောင်လည်း ကြိုးစားနေ၏။ နှစ်ဦးနှစ်ဖက် အဆင်သင့်ဖြစ်သည်နှင့် အမေ့ကို ဖွင့်ပြောမည်။ မိသားဖသားပီပီ တောင်းရမ်းလက်ထပ်မည်။ ထိုအတောအတွင်း မပြောကောင်းမဆိုကောင်း မမြင်နိုင်သည့် ကံကြမ္မာဆိုးတစ်ခု ဝင်နှောက်၍ ခင်နှင်းမေနှင့် လမ်းခွဲရမည်ဆိုပါလျှင်လည်း အောင်စိုး လိပ်ပြာလုံသည်။ သို့သော် ထိုကဲ့သို့သော ကံကြမ္မာဆိုးသည် နှစ်ယောက်ကြား စောင့်ထိန်းသင့်၊ စောင့်ထိန်းအပ်သည်များကို စောင့်ထိန်းပြီး ခိုင်မြဲနေသည့် သံယောဇဉ်နှောင်ကြိုးကို ဖြတ်တောက်နိုင်လိမ့်မည်မဟုတ်ဟု အောင်စိုး ယုံကြည်နေမိပါတော့သည်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ထီးချိုင့် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် မြေထောက်ပဲ ၁၆၅၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၂၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မြေထောက်ပဲ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာတော့ ဧက ၁၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးလူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြေထောက်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံဆန်က ဆန်ချောအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံဆန်က အရောင်းအဝယ် ဖြစ်နေပါတယ်" ဟု ပန်းတနော်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းနေသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းကကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝင်းကကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစောထွန်းအေး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဝင်းကကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း ဦးစီးအရာရှိ(နည်းပညာ) ဦးစောထွန်းအေးထံမှ သိရသည်။ **ကိုသက်**

## ပညာသာလျှင်

\- ပညာသာလျှင် မိတ်ဆွေစစ်
စိတ်အခြေသစ် အမြဲရှာဖွေ၊
အမှားအမှန် အကြောင်းအကျိုး
ကောင်းဆိုးသိပေ၊
စဉ်းစားဆုံးဖြတ် မတွေမဝေ
အခြေအနေ အရပ်ရပ်၊
ပညာသာလျှင် အမြတ်တရားမို့
မှတ်သားယူအပ်။

\- ကိုယ့်တာဝန် မလစ်လပ်
ချစ်တတ်သော စိတ်ကိုဆောင်၊
ပညာမဲ့လျှင် မတောက်ပ
အောက်ကျလူ့ဘောင်၊
ပညာဟူသော အလင်းရောင်
ဘဝအမှောင် မကျရေး၊
တန်ဖိုးရှိသူ လူသားအဖြစ်ကို
ထုဆစ်လို့ပေး။

\- မောင်မယ်တွေ ကြိုးစားမနေး
ရိုးသားအတွေး စိတ်မှာကြံ၊
ပညာကို ငယ်စဉ်အစ
သင်ကြမှန်မှန်၊
ကိုယ့်ဘဝ တိုးတက်ရန်
တန်ခိုးထက်သန် စိတ်ကိုထား၊
ပညာသာလျှင် ဘဝခရီးလမ်း
အေးချမ်းစေသား။ ။

**ရဲသွေးနီ(တက်ဝန်)**

# ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေစမ်းကျေးရွာအုပ်စု သပြေစမ်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သပြေစမ်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၇ ဒသမ ၅၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ရှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# လူငယ်နှင့် အတုယူခြင်း

ဆူးသစ်

ကျွန်တော်တို့ လူမှုလောကပတ်ဝန်းကျင်သည် အရာရာတိုင်း အသစ်အသစ်တို့ဖြင့် တိုးဝင်ဖုံးလွှမ်းခံလာရသည်။ ထို့ကြောင့် လူငယ်၊ လူရွယ်တို့၏ အာရုံကလည်း အသစ်အသစ်တို့၏နောက်သို့ စုပြုံလျက်လိုက်ကြသည်။ ဂီတအသစ်၊ ရုပ်ရှင်အသစ်၊ စာပေအသစ်၊ ဝတ်စားဆင်ယင်မှုပုံစံအသစ် စသည်ဖြင့် အသစ်တို့၏ ဖမ်းစားမှုကို လူငယ်များကြုံလာရသည်။ အရာရာတွင် တိုးဝင်ရန် ကြိုးစားကြည့်၏။ ပထမဦးစွာ အတုယူသည်။ ထို့နောက် ပွားများသည်။ နည်းပညာပိုင်းဆိုင်ရာ သူငယ်ချင်းများ၏ ကြိုးစားမှုများက နိုင်ငံတကာနှင့်ယှဉ်ရသည်ကို တွေ့ရသည်။ Information Technology ဟုခေါ်သည့် IT ပိုင်းမှာ လူငယ်များက နည်းပညာသစ်များကို အမီလိုက်နေသည်မှာ ကြောက်ဖွယ်လိလိပင်။ အနာဂတ်မြန်မာနိုင်ငံတော်အတွက် ကျေနပ်စရာပင်။ နည်းပညာပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများအတွက် အသစ်များကို ကျွန်တော်တို့ကြိုဆိုရမည်ဖြစ်သော်လည်း အချို့အသစ်များကိုတော့ ကျွန်တော်တို့လက်ခံ၍ ရမည်မဟုတ်ပေ။

> ❖ လူငယ်များကို ဆိုရပါဦးမည်။ အကြံပေးသည်ဟု နားလည်စေချင်သည်။ အသစ်အဆန်းများ ကြုံသမျှအတုမယူနှင့်မဟုတ် ယူသင့်သည်ကိုယူပါ။ ကောင်းသည်နှင့်ဆိုးသည်ကတော့ ခွဲခြားတတ်ရန် လိုပါမည်။ ကျွန်တော်တို့သည် သိမြင်လာသော အသစ်အဆန်းကို အတုယူသည်ဖြစ်၍ အစစ်ယူခြင်းမဟုတ်သည်ကို နားလည်ရမည်။ အတုယူခြင်းသည် အတုသာဖြစ်သည်။ ကျွန်တော်တို့ပွားများလိုက်သောအခါ အစစ်ကသာ ကျွန်တော်တို့နှင့်ထပ်တူကျန်ပါလိမ့်မည်။ ယူသင့်သောအတုကိုယူပြီးမှ မြန်မာနိုင်ငံက ပြန့်ပွားလိုက်သော ထိုက်တန်သည့်အစစ်တစ်ခု၏ တန်ဖိုးကိုရှာပါ။ ❖

တစ်လောက ကျွန်တော်တို့နှင့် ရင်းနှီးသော မိသားစုတစ်စုမှ ကလေးတစ်ဦးလာလည်သည်။ သူ့ကို ကျွန်တော်စရင်းနောက်ရင်းနှင့် သူ့ကျောင်းက အကြောင်းများ လျှောက်မေးသည်။ ထိုကလေးက နှစ်တန်းအရွယ်ယောကျ်ားကလေးဖြစ်၍ စကားပြောရာ၌ သွက်လက်ချက်ချာပြီး ချစ်စရာကောင်းသည်။ သူက ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ဖြစ်သော်လည်း သုံးဆယ်ဝန်းကျင် ကျွန်တော့်ကို အစ်ကိုဟုသာ ခေါ်သည်။ သူပြောသည်ကို လေ့လာကြည့်ပါ။

"ကျွန်တော့်သူငယ်ချင်းက အတန်းထဲက ကောင်မကလေးတစ်ယောက်ကို ကြိုက်တယ် အစ်ကိုရာ။ အဲဒါရည်းစားစာမပေးရဲလို့တဲ့။ ကျွန်တော်က ငါပေးပေးမယ် မင်းဘာသာရေးလို့။ အဲဒီမှာ ဒီကောင်စာရွက်နဲ့ရေးတယ်။ သူရေးတာက နင့်ကို ငါချစ်တယ် တစ်နေ့နေ့မှာ ချိန်းတွေ့မယ်တဲ့"။

နှစ်တန်းအရွယ်ကလေးက ပြောခြင်းဖြစ်၍ ကျွန်တော့်မှာ နားထောင်ရင်း ရယ်ပါတော့သည်။ မရယ်လျှင်ရောခံနိုင်ရိုးလား။ တစ်ယောက်က သူ့အရွယ်ကောင်မကလေးကိုကြိုက်သည်။ ဤသည်ကို ကျွန်တော်တို့နှင့်ခင်သောချာတိတ်က စာပေးပေးမည်ဟုဆိုကာ သူ့သူငယ်ချင်းကို စာရေးခိုင်းသည်။ ရေးသည်ကလည်း ရှင်းရှင်းလင်းလင်း ဘယ်က ဘယ်လို အတုခိုးလာသည်မသိ တစ်နေ့နေ့မှာ ချိန်းတွေ့မယ်ဆိုသော စာသားပင်ပါလိုက်သေးသည်။

ဟုတ်တော့ ဟုတ်နေပါပြီ။ ခေတ္တခဏတော့ ရယ်ရသော်ငြား သည်ကိစ္စမျိုးများက တစိမ့်စိမ့်တွေးလျှင် ရင်လေးစရာပင်။ တစ်ခါတုန်းက ကျွန်တော့်ကို မည်သူပြောခဲ့သည်မသိသော အဖြစ်အပျက်တစ်ခုလည်းရှိပါသေးသည်။ ကျွန်တော့်ဦးလေး ကျောင်းဆရာပြောပြသည်ဟု ထင်သည်။ ဤသည်မှာ တကယ်လား၊ ဝတ္ထုလားဆိုသည်ကိုတော့ ကျွန်တော် မမှတ်မိတော့ပေ။

မူလတန်းကျောင်းတွင်ဖြစ်သည်။ အတန်းပိုင်ဆရာမက လေးတန်းကျောင်းသားကလေး တစ်ယောက် ရွယ်တူကျောင်းသူလေးကို ရည်းစားစာပေးသည်ကိုတွေ့၍ ကျောင်းအုပ်ဆရာကြီးဆီခေါ်သွားသည်။ ဆရာကြီးကိုအပ်တော့ ဆရာကြီးက စာကိုဖတ်သည်။ ပြီးမှ ဒီစာကဘာလဲ၊ ဘာလုပ်တာလဲဟုမေးသည်ထင်သည်။ ဘယ်သူမျှမဖြေပေ။ အတန်းပိုင်ဆရာမက ဝင်ဟန့်သည်။ ပြောလိုက်လေဆိုမှ ကောင်မကလေးက ကောင်ကလေးကိုလှည့်ပြီး တစ်ခွန်းတည်းပြောပါသည်။ ဘာပြောလိုက်သည် ထင်ပါသလဲ။

"မောင်. . . ပြောလိုက်လေ"

ဤအဖြစ်အပျက်သည် ဝတ္ထုလေးဆိုပါစို့။ တကယ့်အဖြစ်အပျက်ကို အခြေခံသော ဝတ္ထုလေးပင် ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နှစ်တန်းအရွယ် ကောင်ကလေးတစ်ယောက်၏ဇာတ်လမ်းကို ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ရပြီပင်။

ထိုအဖြစ်အပျက်များကို လတ်တလောကြုံရလျှင် ရယ်စရာကောင်းသည်ဟု မည်သူမဆိုထင်ကြပေမည်။ ရယ်လည်း ရယ်ကြပေလိမ့်မည်။ သို့သော် သူ့နောက်ကွယ်တွင် ကြောက်စရာအဖြစ်များရှိနေသည်ကိုတော့ ကျွန်တော်တို့ သတိထားရတော့မည်။

ကျွန်တော်တို့နိုင်ငံက ဘာသာတရားထွန်းကား၍ မေတ္တာထားတတ်သောကြောင့် လူလားမမြောက်သော ကလေးများ၏ မေတ္တာဇာတ်လမ်းကို ကြားရသည်ဟု ရယ်စရာဆိုလျှင်ရနိုင်သည်။ ကျွန်တော်တို့နှင့် ဆန့်ကျင်ဘက်အရပ်က ဘာသာတရားမထွန်းကားသော နိုင်ငံများကျတော့ ကလေးများကအစ မေတ္တာမထားတတ်လေသလားဟု ဆိုရလောက်အောင် ရွယ်တူချင်းသတ်နေခြင်းများ ကြားရသောအခါ တကယ်ကြောက်စရာကောင်းသော ကိစ္စများ ရှိလာပြီဟု ဆိုရတော့မည်။

ကောင်းပါပြီ။ လွန်ခဲ့သောနှစ်များက မရှိခဲ့သော အဖြစ်များကို ဘယ်လိုအကြောင်းကြောင့် အခုမှ တစ်ခုပြီးတစ်ခုပေါ်လာရသနည်း။ ဆန်းစစ်ကြည့်သောအခါ လူများ၏ တီထွင်မှုအသစ်များကြား လူငယ်များ၏ အတုခိုးမှုများလာခြင်းကြောင့် ဆိုသည်ကိုသွားတွေ့ရသည်။

တစ်ခုချင်း ထပ်မံဆန်းစစ်ကြည့်ပါဦးမည်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာ စာပေနှင့်ပတ်သက်လျှင် လူငယ်များဖတ်ရန် အချစ်ဝတ္ထုများ တော်တော်များသည်။ ချစ်သည်။ လွန်လွန်ကျူံကျူံချစ်သည်။ ထိုအချစ်ဝတ္ထုမျိုးကို ရုပ်ရှင်ရိုက်သောအခါ ရုပ်ရှင်များကလည်း အချစ်ဇာတ်ကားများသာ ထွက်လာတော့သည်။ သည်ဘက်ခေတ်တွင် ရုပ်ရှင်အပြင် ဗီဒီယို၊ ဒီဗီဒီပါရှိလာသောအခါ ထိုအချစ်များသည် အိမ်တိုင်ရာရောက် ခုန်ပေါက်ဝင်လာတော့သည်။

သည်မှာပင် လူငယ်များကြည့်သည်။ ကလေးများကြည့်သည်။ ချစ်ခန်း၊ ကြိုက်ခန်းဆိုသည်မှာလည်း ရိုးရိုးနှင့်မပြီးတတ်ပေ။ ကျွန်တော်တို့ မြန်မာများ ယဉ်ကျေးစွာပြ၍ တော်တော့သည်။ သို့သော် အိမ်ထောင်ကျပြီးစ အခန်းများ၊ ကိုယ်ဝန်ရသည့်အခါ အမျိုးသမီးများ ပြဖန်များ၍ ထင်ပါသည်။ တချို့ကလေးများယဉ်ပါးလာ၏။

ကျွန်တော် မြန်မာဇာတ်ကားတစ်ကားကြည့်နေစဉ် လေးတန်းအရွယ် ကလေးတစ်ယောက်ကို ရုပ်ရှင်ထဲက မင်းသမီးအော့အန်နေသည်ကိုတွေ့၍ ဘာဖြစ်တာလဲကွဟု မသိဟန်ဆောင်ကာ မေးဖူးသည်။ သူက သူ့ဗိုက်ရှေ့မှာ လက်ကလေးနှစ်ဖက်ကို ခပ်ခွာခွာယှက်ပြရင်း "ဒါဖြစ်တာ" ဟု ဆိုသည်။ ကလေးများသိသည်မှာ မြန်သည်မဟုတ်ပေ။ ခဏခဏ တွေ့ရဖန်များလာ၍ပင်။

ဂီတဘက်မှာကတော့ ဆူညံပေါက်ကွဲသံကနေ ကာရန်နှင့်စကားပြောဟန်များဝင်လာ၏။ ဂီတသည် လူကိုအမျိုးမျိုးသော ခံစားမှုအာရုံများ ပေးစွမ်းနိုင်၏။ ဂီတကြောင့် လူငယ်များမပျက်စီးနိုင်ဟု ကျွန်တော် ယုံပါသည်။ သို့သော် ဂီတနှင့်တွဲလျက်ပါလာသော ဝတ်စားဆင်ယင်မှုနှင့် ဂီတ၏လှုံ့ဆော်မှုကြောင့် ပေါက်ကွဲပုံများကတော့ လူငယ်များကို မြှောက်ပေးသကဲ့သို့ရှိသည်။ လူငယ်ကတော့ အသစ်အဆန်းဆို အတုယူပစ်လိုက်သည်သာ။

အသစ်အဆန်းဆို အတုယူချင်သည့် လူငယ်များမှာ IT ကို လေ့လာနေသောလူငယ်နှင့် ချစ်ခန်း၊ ကြိုက်ခန်းများ လေ့လာနေသော လူငယ်များ ဘယ်သူကသာပါသနည်း။ သည်ဘက်ခေတ်တွင် နိုင်ငံခြားကားများထဲက ချစ်ခန်း၊ ကြိုက်ခန်းများမှာ ဘယ်လိုအဆင့်ထိ ရောက်နေပြီလဲ။ အားလုံးသိကြသည်။ ထို့ပြင် တရားမဝင်ရောက်ရှိလာနေသော ညစ်ညမ်းကားများကလည်း မှိုလိုပေါက်နေသေးသည်။

နိုင်ငံခြားကဝင်လာသော ဂီတထက် ရုပ်ရှင်၊ ဗီဒီယိုက ကျွန်တော်တို့ဆီက လူငယ်များအတုခိုးတတ်အောင် များစွာသင်ကြားပေးနေပေပြီ။ အရေးယူမှုများရှိသည့်တိုင် လူငယ်များကလည်း ရသည့်နေရာများက ရှာဖွေနေကြဦးမည်။ သူတို့ဆီမှာတော့ လက်နက်များက အလွယ်တကူရနေ၍ စာသင်ကျောင်းများမှာ ဝင်ရောက်ပစ်ခတ်သော လူငယ်များ၏ သတင်းကို နားနှင့်မဆံ့အောင်ကြားလာရသည်။

ကျွန်တော် ဂျပန်နိုင်ငံက စာသင်ကျောင်းတချို့ကို လေ့လာဖူးသည်။ ကျောင်းဝင်းတံခါးများကို ခိုင်ခံ့စွာနှင့် စည်းကမ်းတင်းကျပ်၍ ထားရတာဘာကြောင့်လဲ ဟုမေးသောအခါ အဆိုပါ လက်နက်ဖြင့်ဝင်ရောက် ပစ်ခတ်မှုကြောင့်ဟုဖြေသည်။ ဆိုလိုသည်မှာ အနောက်နိုင်ငံက စရိုက်များ အရှေ့နိုင်ငံများသို့ ကူးလာပြီဟု ဆိုရတော့မည်။

ထိုကိစ္စမျိုး ကျွန်တော်တို့ဆီ မကူးသေးသော်လည်း ချစ်ခန်း၊ ကြိုက်ခန်းကိစ္စများကတော့ လူငယ်များကို မတော်တရော်အမှုများဖြစ်အောင် မြှောက်ပေးနေသကဲ့သို့ပင်။ မသိနားမလည်သေးသောကလေးများပင် ချစ်ခန်း၊ ကြိုက်ခန်းများကြည့်၍ ချစ်တတ်၊ ကြိုက်တတ်ကြသေးလျှင် သိနားလည်သော လူငယ်များကတော့ ချစ်ရုံ၊ ကြိုက်ရုံမဟုတ် တစ်ဆင့်တက်မည်ကတော့ ကျိန်းသေပင်။

သည်တော့ ကလေးများကို ဆိုစရာမရှိပေ။ လူငယ်များကို ဆိုရပါဦးမည်။ အကြံပေးသည်ဟု နားလည်စေချင်သည်။ အသစ်အဆန်းများ ကြုံသမျှ အတုမယူနှင့်မဟုတ် ယူသင့်သည်ကိုယူပါ။ ကောင်းသည်နှင့် ဆိုးသည်ကတော့ ခွဲခြားတတ်ရန် လိုပါမည်။ ကျွန်တော်တို့သည် သိမြင်လာသော အသစ်အဆန်းကို အတုယူသည်ဖြစ်၍ အစစ်ယူခြင်း မဟုတ်သည်ကို နားလည်ရမည်။ အတုယူခြင်းသည် အတုသာဖြစ်သည်။ ကျွန်တော်တို့ပွားများလိုက်သောအခါ အစစ်ကသာ ကျွန်တော်တို့နှင့်ထပ်တူကျန်ပါလိမ့်မည်။

ယူသင့်သောအတုကို ယူပြီးမှ မြန်မာနိုင်ငံက ပြန့်ပွားလိုက်သော ထိုက်တန်သည့် အစစ်တစ်ခု၏ တန်ဖိုးကိုရှာပါ။ အညစ်အညမ်းချစ်ခန်းများသည် အတုမှတကယ့်အတုများပင်။ အနောက်နိုင်ငံက အဝတ်အစားနှင့် ဂီတတချို့သည်လည်း ဘယ်သောအခါမျှ မစစ်နိုင်သောအတုများပင်။ သူများကို တုတာကြာသောအခါ ကျွန်တော်တို့သည် သူများကို တုထားသော အတုနိုင်ငံကြီးဖြစ်သွားပေလိမ့်မည်။ ဒါကတော့ လုံးဝအဖြစ်မခံနိုင်ပေ။

ဤသည်ကို လူကြီးများက နည်းမျိုးစုံဖြင့် တိုက်ဖျက်နေသကဲ့သို့ လူငယ်များကလည်း ငြင်းပယ်ရပေမည်။ ဒါမှကျွန်တော်တို့ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ ယခုကလေးအရွယ်များက ချစ်တတ်၊ ကြိုက်တတ်ဖြစ်နေလျှင် သက်တမ်းနှင့် ပြန်ညှိကြည့်ပါဦး။ ကျွန်တော်တို့သည်များသောအားဖြင့် ကိုးတန်း၊ ဆယ်တန်းအရွယ်တွင် စိတ်ကစားတတ်ကြသည်။ ဒါလွန်ခဲ့သော နှစ်များစွာကဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင် ၂၁ ရာစုထဲအဝင်မှာ နှစ်တန်း၊ လေးတန်းအရွယ်ကလေးတချို့က ဒီကိစ္စကို ထဲထဲဝင်ဝင်သိနေကြသည်။ ၂၁ ရာစုအလယ်ဆိုလျှင်ဟု ကျွန်တော်ကကျော်၍ တွေးသလိုမျိုး လူငယ်များ တွေးကြည့်ပါ။ လူကြီးများကတော့ ရှေ့ရေးကိုတွေးပြီးဖြစ်နေလိမ့်မည်။

သည်တော့ လူငယ်များမှာ စဉ်းစားသုံးသပ်တတ်ရန် အချိန်အခွင့်၊ အရေးရတိုင်း စဉ်းစားစေချင်သည်။ ကိုယ်ပြုသမျှသည် နောက်ထပ်သက်တမ်းတစ်ခုကို ရိုက်ခတ်နေသည်ဆိုတာကို သတိပြုရပေမည်။ လောလောဆယ် ကိုယ်လုပ်ချင်သည်ကိုလုပ်နေသရွေ့ ကိုယ့်ညီငယ်၊ ညီမငယ်များကို ကူးစက်စေသည်ဟု နားလည်ရမည်။

ချစ်ခြင်းမေတ္တာကိစ္စများကလည်း ကမ္ဘာအနှံ့ရှိနေပါဦးမည်။ ဂီတမျိုးစုံကို ခံစားတတ်သူများ၊ ဖန်တီးတတ်သူများကလည်း ဒုနှင့်ဒေးပင်။ အရေးကြီးသည်က အသစ်တွေ့တိုင်း အရမ်းကာရော မခံစားရန်၊ အတုမယူရန်ဖြစ်သည်။ မိဘဆွေမျိုးများကလည်း ထိန်းကျောင်းပေးရမည်။ ကျွန်တော်တို့နိုင်ငံတွင် ဘာသာနှင့် စာပေအားကောင်းသည်။ တကယ်အတုယူစရာများကို ညွှန်ကြားပေးသူ၊ လိုက်နာခံယူမည့်သူလိုပါသည်။

ခဏခဏထိတွေ့နေရသည့် ဖျော်ဖြေရေးရုပ်ဝတ္ထုများကြား အတုယူမည်ဆိုလျှင် မိမိအတွက် အစစ်အမှန်များသာ ကျန်နိုင်သောအတုများကိုသာ ရှာယူပါ။ ကိုယ့်နိုင်ငံအတွက် သူများနိုင်ငံကပေးသော အရာများသည် အတုယူစရာချည်းဖြစ်လာမည်ဟု တော့ယူဆမရပေ။ အချို့သောအရာများက အတုများပင်။

အကယ်၍ တကယ့်အစစ်အမှန်ဖြစ်အောင်ပွားနိုင်သော အတုများကိုလူငယ်များ ရှာဖွေတွေ့နိုင်မည်ဆိုလျှင်ဖြင့် ကျွန်တော်တို့ အတုယူလိုက်သော အရာများ၏အကျိုးကို ကောင်းစွာခံစားရမည်ဖြစ်သကဲ့သို့ နောက်သက်တမ်းတစ်ခုတွင် လူငယ်ဖြစ်လာမည့် ကလေးများအနေဖြင့် ကျွန်တော်တို့ လူငယ်များ၏ လုပ်ရပ်ကို စံပြအဖြစ်ထပ်မံပွားများ အတုယူနိုင်လိမ့်မည်ဟုယူဆမိကြောင်း တင်ပြလိုက်ရပါသည်။

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၁၉၀၀၊ ဖူးစားပြောင်း ဧက ၃၁၉၀ စုစုပေါင်းဧက ၃၃၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၂၇ ဧက၊ ဖူးစားပြောင်း ၁၇၂၁ ဧက စုစုပေါင်း ၁၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ ပြောင်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေအောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကံကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပခန်းစပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပခန်းစပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ပခန်းစပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်းက ပခန်းစပါးတင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဟသ်ာတမြို့နယ်ကနေရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလအတွင်း ပခန်းစပါးတင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရတယ်။ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ခဲ့တဲ့ ပခန်းစပါးတွေက အရည်အသွေး ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးက



အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ပခန်းစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူတာများနေလို့ တင်ပို့မှုကောင်းခဲ့တာဖြစ်ပါတယ်။ ဒေသတွင်း ဆန်၊ စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာပါ'' ဟု ဟသ်ာတမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၃၆၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်းတည်မြို့နယ် ကျီးမနိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပေါင်းတည် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျီးမနိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ကျီးမနိုးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျီးမနိုးကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၃ ဒသမ ၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများကအနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျီးမနိုးကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချ နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# တပ်ကုန်းမြို့နယ် လက်ပံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက လက်ပံကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



ခရီးသွားဆောင်းပါး

# ရန်ကုန်-ဒလ ခရီးစဉ်၊ ရှုခင်းတွေက ကြည့်မဝ

သက်နိုင်(ပြင်ဦးလွင်)

သီတင်းကျွတ်ကျောင်းပိတ်ရက်ရှည်အတွင်း ပြင်ဦးလွင်မြို့ကနေ မောင်နှမတွေ စတင်ထွက်ခွာလာကြတဲ့ခရီးစဉ်မှာ ရန်ကုန်မြို့ကိုရောက်ရှိနေကြပါပြီ။ စတင်ရောက်ရောက်ချင်း မနက်ပိုင်းကတည်းက မှော်ဘီမြို့နဲ့ ကျိုက္ကလော့စေတီ၊ အင်းလျားကန်၊ ညနေပိုင်းမှာ ဗိုလ်တထောင်စေတီ၊ မဟာဗန္ဓုလပန်းခြံ၊ ဆူးလေစေတီတော်တို့ကို ဖူးမြော်လေ့လာအပြီး ရွှေတိဂုံစေတီတော်ရှိရာကို ဆက်လက်ထွက်ခွာလာကြတယ်။ ရန်ကုန်မြို့ရဲ့ထုံးစံအတိုင်း လူတွေများ၊ ကားတွေကျပ်၊ လမ်းတွေရှုပ်နဲ့ ရွှေတိဂုံစေတီလမ်းကို ချိုးကွေ့မောင်းနှင်လိုက်တဲ့အခါ အရင်ထက်ပိုမိုများပြားတဲ့ ကားတန်းရှည်ကြီးကို မြင်တွေ့လိုက်ရတယ်။ ကားတန်းရှည်ကြီးက ရွှေတိဂုံစေတီတော်ထိဖြစ်လိမ့်မယ်လို့တွေးထင်ထားလိုက်မိပြီး မိမိတို့ရဲ့ကားကို ကားတန်းရှည်ကြီးနဲ့အတူ လိုက်ပါမောင်းနှင်လာရင်း စေတီတော်ကြီးနဲ့ နီးကပ်လာတာနဲ့အမျှ ကားရပ်ဖို့နေရာတစ်ခုကို သတိထားရှာဖွေနေရတယ်။ ဒါပေမဲ့ လမ်းတစ်လျှောက်လုံးမှာ ကားရပ်နားဖို့နေရာ အလွတ်ရှိမနေပါဘူး။

ဒီလိုနဲ့ စေတီတော်ခြေတော်ရင်းကိုရောက်တဲ့ထိ ကားတန်းကြီးကတော့ များပြားရှည်လျားနေဆဲပါ။ ကားတန်းကြီးနဲ့အတူ တရွေ့ရွေ့မောင်းလာရင်း မကြာခင်မှာ စေတီတော်မြောက်ဘက်မုခ်အနီးကို ရောက်လာခဲ့တယ်။ ကားတွေအများစုကတော့ စေတီတော်ဝင်းအတွင်းကို ဝင်ရောက်သွားကြတာပါ။ မိမိအနေနဲ့ စေတီတော်ဝင်းအတွင်းမှာ ကားရပ်နားဖို့နေရာရှိနိုင်ပါ့မလား။ မရှိရင် ဘယ်လိုလုပ်ရမလဲ။ ပြန်ထွက်ရမဲ့လမ်းကြောင်းက အဆင်ပြေနိုင်ပါ့မလား စတာတွေကို မြန်မြန်ဆန်ဆန်စဉ်းစားတွေးတောရင်း နောက်ပိုင်းကိစ္စဖြစ်ချင်တာဖြစ် စေတီတော်ကိုလာတာ စေတီတော်ထဲကို ဝင်မယ်လို့ စဉ်းစားပြီး ဝင်းအတွင်းကို ဝင်ရောက်မောင်းနှင်လာခဲ့လိုက်တယ်။

ဝင်းအတွင်းကိုရောက်တာနဲ့ ကားတွေပြည့်ကျပ်ပိတ်ဆို့နေပြီး ရှေ့ဆက်မောင်းလို့မရအောင် ကြုံတွေ့နေရတယ်။ မိမိအပါအဝင် ကားမောင်းတဲ့သူတွေက ကားအောက်ကိုဆင်းခွင့်၊ စေတီတော်ကိုသွားရောက်ဖူးမြော်ခွင့်မရှိကြသေးဘဲ ကားလမ်းကြောင်းအခြေအနေကို ကြည့်ရှုစောင့်ဆိုင်းနေကြရတယ်။ မကြာခင်မှာ လုံခြုံရေးဝန်ထမ်းတွေက စေတီတော်ဝင်းအတွင်းကို ကားဝင်ရောက်ခွင့်ခေတ္တပိတ်ထားလိုက်ပြီး လမ်းပေါ်မှာရပ်တန့်နေကြတဲ့ မိမိတို့ကားတွေကိုလဲ နေရာတကျဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးနေကြတယ်။ ဒါပေမဲ့ ကားရပ်နားစရာနေရာက နည်းနည်းကျဉ်း၊ ကားတွေက အများအပြားဖြစ်နေတာကြောင့် ရှေ့တိုးနောက်ဆုတ်တွေ အကြိမ်ကြိမ်အခါခါ၊ အချိန်ကြာကြာပြုလုပ်ပြီးမှ နေရာတစ်နေရာ စာရပါတော့တယ်။ ဒီကြားထဲ ပြန်လည်ထွက်ခွာသွားကြမဲ့ကားတွေကလဲ ရှိနေကြသေးတာကြောင့် မကြာမကြာခဏခဏ မိမိရဲ့ကားကိုနေရာရွှေ့ပေးနေရသေးတယ်။ ဒီလိုနဲ့ ရွှေတိဂုံစေတီတော်ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ရပေမဲ့ ဘုရားဖူးမြော်ခွင့်မရခဲ့ဘဲ ကားစောင့်ရင်း၊ ကားရွှေ့ရင်း ကားပေါ်မှာ အချိန်ကုန်ခဲ့ရတော့တယ်။

ရွှေတိဂုံစေတီတော်ကို စတင်ရောက်ရှိခဲ့တဲ့အချိန်က အလင်းရောင်ကျန်ရှိနေသေးတဲ့ ည ၆ နာရီဝန်းကျင်မှာရောက်ခဲ့ကြတာပါ။ ဘုရားဖူးမြော်ပြီး ပြန်ဆင်းလာတဲ့ မောင်နှမတွေက ကားရှိရာကို ည ၇ နာရီ မိနစ် ၃၀ မှာ ပြန်လည်ရောက်ရှိလာကြတယ်။ မိမိရဲ့ဒုက္ခက ကားရွှေ့ရင်း၊ ကားစောင့်ရင်းအချိန်တွေကုန်ခဲ့ရသလို သူတို့ရဲ့ဒုက္ခကလဲ ဘုရားပေါ်တက်ဖို့အတွက် များပြားလှတဲ့ လူအုပ်လူတန်းကြီးကို တန်းစီးစောင့်ဆိုင်းပြီးမှ တရွေ့ရွေ့တက်ရောက်ခဲ့ကြရကြောင်း သိလိုက်ရတယ်။ မြန်မာနိုင်ငံရဲ့ အထင်ရှားဆုံး၊ အကျော်ကြားဆုံး သမိုင်းဝင်ရွှေတိဂုံစေတီတော်ကြီးလဲဖြစ်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နေ့ထူးနေ့မြတ်ကြီးလဲဖြစ်တဲ့ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့မှာ ဒီလိုဖြစ်ရပ်တွေက အဆန်းတကြယ်မဟုတ်တော့ပါဘူး။ စေတီတော်ကြီးမှာ ဘုရားဖူးဧည့်သည်တွေနဲ့ တိုးမပေါက်နိုင်အောင် စည်ကားနေမယ်ဆိုတာ သေချာပါတယ်။

ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်အပြီး ပြန်လည်ထွက်ခွာလာကြတဲ့အခါ နောက်ထပ်ဒုက္ခတစ်ခုနဲ့ ရင်ဆိုင်ကြုံတွေ့ကြရတယ်။ မိမိတို့ရဲ့ခရီးစဉ်အစီအစဉ်က စေတီတော်ကြီးကနေ အပြန်မှာ ကားတွေက ထပ်မံပြည့်ကျပ်တန်းစီနေတာကိုကြုံတွေ့ရပြန်တယ်။ တဖြည်းဖြည်းတရွေ့ရွေ့နဲ့ ကားတန်းကြီးအတိုင်းမောင်းလာခဲ့ပြီး ပြည်သူ့ဥယျာဉ်ရှေ့ကိုရောက်၊ ရွှေတိဂုံစေတီတော်ကြီးကို မီးရောင်တထိန်ထိန်၊ ရွှေရောင်တဝင်းဝင်းနဲ့ ဖြစ်နေတာကို တွေ့ရပါတယ်။ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ပြီး ပြန်လာခဲ့ကြတာဖြစ်ပေမဲ့ နောက်ထပ်တစ်ခါ စေတီတော်ကြီးအနီးကို ပြန်လည်ရောက်ရှိလာကြလို့ဖြစ်ပါတယ်။ ဒါပေမဲ့ စေတီတော်ကြီးရဲ့ ညမြင်ကွင်း၊ ပြည်သူ့ဥယျာဉ်မှာ ထွန်းညှိထားတဲ့ မီးရောင်စုံတွေ၊ ရေပန်းတွေ စည်ကားလှပနေတာကို တွေ့မြင်ကြရတာကြောင့် မောင်နှမတွေအားလုံး စိတ်ကျေနပ်ကြရတယ်။



ရွှေတိဂုံစေတီ မြောက်ဘက်မုခ်ကို တွေ့ရစဉ်။

ရန်ကုန်မြို့ရဲ့ အထင်ကရလမ်းတွေလဲဖြစ်၊ လမ်းလျှောက်လေ့လာလည်ပတ်လို့လဲကောင်း၊ တွေ့ရမြင်ရာကြိုက်နှစ်သက်ရာ တွေကိုဝယ်ရင်း ကောင်းနိုးရာရာ ဆိုင်တစ်ဆိုင်မှာ ညစာစားသောက်ကြဖို့ပါ။ အဲဒီလမ်းတွေဖြစ်တဲ့ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းတွေရှိရာကို ရွှေတိဂုံစေတီတော်ကနေ အချိန်ကြာကြာမမောင်းရပါဘူး။ အချိန်တိုအတွင်းရောက်ရှိနိုင်ပါတယ်။ ဒါပေမဲ့ ထွက်ကတည်းက များပြားလှတဲ့ကားတွေကြောင့် လမ်းလွှဲတွေ၊ တစ်လမ်းမောင်းတွေနဲ့ ဘယ်မကွေ့ရ၊ ညာမချိုးရ အရေးပေါ်လိုအပ်ချက်လမ်းစည်းကမ်းတွေနဲ့ မောင်းနှင်နေရတော့တယ်။ ဒီလိုမောင်းနေရတဲ့အခါမှာလဲ မိမိတို့ရှေ့က ကားတန်းကြီးအတိုင်းမောင်းနေရလို့ ညမိုးချုပ်အချိန်မှာ ဘယ်တွေရောက်လို့ ရောက်နေမှန်းမသိတော့ပါဘူး။ မြို့တွင်းလမ်းတွေရှိရာဘက်ကို တမ်းတမှန်းဆပြီး ဘယ်ချိုးညာကွေ့နဲ့ စမ်းတဝါးဝါးမောင်းလာခဲ့ပေမဲ့ အင်းလျားကန်ရဲ့အနောက်ဘက်က ကမ္ဘာအေးဘုရား စတဲ့နေရာတွေကိုလဲ ဖြတ်သန်းမောင်းလာခဲ့ရတယ်။ သွားရောက်ကြမဲ့ခရီးစဉ်ထဲမှာမပါဝင်ဘဲ မျက်စိလည်လမ်းမှားပြီး ရောက်နေကြရတာပါ။ နောက်ဆုံးမှာ ကမ္ဘာအေးဘုရားလမ်းအတိုင်းသွားရင် ပြည်လမ်းကိုရောက်တယ်ဆိုတာစဉ်းစားမိသွားသလို ရောက်ရှိမောင်းနှင်နေရတဲ့ ကမ္ဘာအေးဘုရားလမ်းအတိုင်း စိတ်အေးလက်အေးမောင်းလာလိုက်တော့တယ်။

အဲဒီအချိန်ရောက်မှ အစ်မဖြစ်သူက စောစောက ပါရမီလမ်းကို တွေ့ခဲ့တယ်လေ၊ ပါရမီလမ်းက သွားရင်လဲ ပြည်လမ်းကိုရောက်တာပဲဆိုပြီး ပြောဆိုနေပေမဲ့ ဘာမှပြန်မပြောနိုင်တော့ဘဲ ရှေ့ခရီးကို ဆက်လက်မောင်းလာတော့တယ်။ ကမ္ဘာအေးဘုရားလမ်းကနေ ပြည်လမ်းပေါ်ကို ရောက်တဲ့အခါမှာ

ပြည်သူ့ဥယျာဉ်ကိုကျော်လာပြီးတာနဲ့ လမ်းက တဖြည်းဖြည်းရှင်းလာတယ်။ ပြည်သူ့ဥယျာဉ်မှာ ပျော်ကြပါးကြ၊ သွားကြလာကြတဲ့ လူတွေ၊ ကားတွေကြောင့် ရှုပ်ထွေးပြည့်နှက်နေရတာပါ။ ဗိုလ်ချုပ်အောင်ဆန်းလမ်း မီးပွိုင့်ကိုရောက်တော့ ကားတွေမရှိသလောက်ရှင်းနေတာကို တွေ့မြင်နေရတယ်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းကနေ ဝါးတန်းလမ်း၊ ဝါးတန်းဟိုတယ်ကိုရောက်တာနဲ့ အနော်ရထာလမ်းထောင့်မှာရှိနေတဲ့ ညဈေးတန်းကို ဆက်လက်သွားရောက်ကြတယ်။ ညဈေးတန်းမှာ ညစာထမင်းစားသောက်ကြဖို့ပါ။ ဒါပေမဲ့ အချိန်က ည ၉ နာရီထိုးနေပြီဖြစ်လို့ ဆိုင်တွေမှာ ထိုင်မစားကြတော့ဘဲ စားချင်တာတွေကိုထုပ်ပိုးယူလာခဲ့ကြတယ်။ ထမင်းကြော်၊ ထမင်းပေါင်း၊ ထမင်းသုပ်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်တွေနဲ့အတူ မိမိတို့နှစ်သက်တဲ့ အသုပ်မျိုးစုံတွေ၊ ငါးကြော်တွေ စုံစုံလင်လင်ပါလာခဲ့ကြတယ်။ ဟိုတယ်ကိုပြန်လည်ရောက်ရှိစားသောက်ပြီးကြတာနဲ့ တစ်နေ့တာလည်ပတ်ပင်ပန်းသမျှတွေကို နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်ခြင်းနဲ့ ပြေပျောက်သွားစေခဲ့ရတယ်။

နောက်တစ်နေ့မနက်မှာ အိပ်ရာကနေ စောစောထကြပြီး ရှေ့ခရီးစဉ်ကို ဆက်ကြတော့မှာပါ။ ဟိုတယ်က ကျွေးမွေးတဲ့မနက်စာက မနက် ၇ နာရီမှရမှာဆိုတာကြောင့် စောင့်ဆိုင်းပြီး မစားဖြစ်ကြတော့ပါဘူး။ ခရီးစဉ်အရ ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလမြို့ရှိရာကို အစောဆုံးထွက်ခွာပို့ဆောင်တဲ့ မနက် ၆ နာရီ ဇက်ရေယာဉ်နဲ့ လိုက်ပါသွားရောက်ကြမှာဖြစ်လို့ မနက် ၅ နာရီ မိနစ် ၃၀ ကတည်းက ဟိုတယ်ကနေ စတင်ထွက်ခွာလာခဲ့ကြပါပြီ။ အဲဒီအချိန်မှာပဲ မနက်စာအဆာပြေစားသောက်ကြဖို့အတွက် အနော်ရထာလမ်း ဝါးတန်းလမ်းအနီးဝန်းကျင်မှာ စားသောက်စရာလေးတွေကို ရှာဖွေခဲ့ကြပေမဲ့ အကြော်၊ ကောက်ညှင်းပေါင်းတွေကိုသာ တွေ့ရှိဝယ်ခဲ့ကြရတယ်။ မနက်စောစောအိပ်ရာထပြီး သောက်နေကျဖြစ်တဲ့ လက်ဖက်ရည်ကို သောက်ခွင့်မရတော့ပါဘူး။ ဟိုတယ်အနီးတစ်ဝိုက်မှာ လက်ဖက်ရည်ဆိုင်တွေမရှိဘဲ မဖွင့်သေးတဲ့ထမင်းဆိုင်တွေကိုသာ တွေ့မြင်နေရတယ်။

ရန်ကုန်မြစ် ဇက်ဆိပ်ရှိရာကို ဝါးတန်းလမ်းကနေ ကမ်းနားလမ်းအတိုင်း မောင်းလာတဲ့အချိန်မှာ လူတွေ၊ ကားတွေ စည်ကားရှုပ်ထွေးမှုမရှိသေးဘဲ ရှင်းလင်းနေပါသေးတယ်။ လွန်ခဲ့တဲ့အခေါက်က ဇက်ဆိပ်ရှိရာကို စမ်းတဝါးဝါးနဲ့ ဟိုမေးဒီမေးစုံစမ်းမောင်းနှင်ခဲ့ရပေမဲ့ အခုတစ်ခေါက်မှာ လမ်းသိသွားပြီဖြစ်တဲ့အတိုင်း ရှောရှောရှူရှူလျှင်လျှင်မြန်မြန်ရောက်လာခဲ့တယ်။ ဇက်ရေယာဉ်ပေါ်တက်ရောက်ဖို့အတွက် ကားတွေစီတန်းထားရမဲ့နေရာကို ရောက်လာတဲ့အချိန်မှာလဲ မိမိရဲ့ရှေ့မှာ ကားတစ်စီးသာရှိနေပါသေးတယ်။ ကားကို အစဉ်အတိုင်းရပ်ထားလိုက်ပြီး ရန်ကုန်မြစ်မြင်ကွင်းကို မောင်နှမတစ်တွေ ကြည့်ရှုလေ့လာခွင့်ရကြတယ်။ ဒီအချိန်မှာ ရန်ကုန်မြို့ဘက်ကမ်းကနေ ထွက်ခွာမဲ့ဇက်ရေယာဉ်မရှိသေးဘဲ ဒလမြို့ကနေစတင်ထွက်ခွာလာတဲ့ ဇက်ရေယာဉ်ကြီးကို မြစ်အတွင်းမှာ လမ်းမျှော်မြင်တွေ့နေရတယ်။ ရန်ကုန်မြစ်ကြီးကို ဟိုဘက်ဒီဘက်ကူးဖြတ်သွားလာနေကြတဲ့ စက်လှေတွေကတော့ ကမ်းစပ်ကိုရောက်လာလိုက်၊ လှေအပြည့်တင်ဆောင်လာတဲ့ခရီးသည်တွေကို ချလိုက်၊ ပြန်ထွက်သွားလိုက်နဲ့ တစ်စီးပြီး တစ်စီးမကုန်ဆုံးတော့ပါဘူး။ အခုလို မနက်စောစောအချိန်မှာ ရန်ကုန်မြို့ရှိရာကိုလာကြတဲ့ ခရီးသည်တွေများပြားပြီး ညနေပိုင်းအချိန်တွေမှာ ဒလဘက်ကိုပြန်ကြတဲ့ခရီးသည်တွေ များပြားနေပါတယ်။ စက်လှေတွေပေါ်ကနေ ဆင်းသက်လာကြသူအများစုက ထမင်းချိုင့်လေးတွေကိုယ်စီနဲ့ အလုပ်သမားတွေများကြပါတယ်။ ဒ့ါပြင် တောင်းကြီး၊ တောင်းငယ်တွေ၊ အထမ်းတွေ၊ ရောင်းကုန်ပစ္စည်း တစ်ပွေ့တစ်ပိုက်နဲ့ ဈေးသည်တွေကိုလဲ မြင်တွေ့နေရတယ်။

မိမိတို့မောင်နှမတွေကတော့ ရန်ကုန်မြစ်အတွင်းက မြင်ကွင်းတွေ၊ မြစ်ဝန်းကျင်က ရှုခင်းတွေနဲ့အတူ ရန်ကုန်-ဒလ မြစ်ကူးတံတားသစ်ကြီးရဲ့လုပ်ငန်းခွင်တွေကို ရသမျှအချိန်လေးမှာကြည့်ရှုနေကြရတယ်။ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက ဟိုဘက်နဲ့ဒီဘက် ဆက်သွယ်မှုမရှိသေးတဲ့တံတားကြီးက အခုတစ်ခေါက်မှာ ဆက်သွယ်လို့ပြီးသွားပါပြီ။ ဒါပေမဲ့ တံတားကြီးပေါ်ကနေ ဖြတ်သန်းသွားလာလို့မရသေးပါဘူး။ နောက်နှစ်၊ နောက်အခေါက်တွေမှာ ဖြတ်သန်းသွားလာလို့ရရှိနိုင်တော့မှာ ဖြစ်သလို ရန်ကုန်မြစ်အတွင်းကနေလဲ ဇက်ရေယာဉ်နဲ့ဖြတ်သန်းစရာမလိုတော့ဘူးလို့ထင်ပါတယ်။ ဒါကြောင့်လဲ အခုခရီးစဉ်မှာ မောင်နှမတွေ အတွေ့အကြုံရအောင် ဇက်ရေယာဉ်နဲ့ဖြတ်သန်းကြဖို့ စီစဉ်ခဲ့တာပါ။

မိမိတို့ရှုခင်းတွေကို ကြည့်ရှုနေဆဲအချိန်မှာပဲ ဒလမြို့ကနေထွက်ခွာလာတဲ့ ဇက်ရေယာဉ်ကြီးက ရန်ကုန်ဘက်ကမ်းကို တရွေ့ရွေ့နဲ့ဆိုက်ကပ်လာနေပါပြီ။ ဇက်ရေယာဉ်ပေါ်မှာ ကားကြီး၊ ကားငယ်တွေနဲ့ ခရီးသည်တွေအပြည့်ဖြစ်နေတာကိုလဲ မြင်တွေ့နေရတယ်။ မကြာခင်အချိန်မှာ ဒီဇက်ရေယာဉ်ကြီးက မိမိတို့ကို သယ်ဆောင်သွားပြီး ဒလမြို့ဘက်ကမ်းကို ပို့ဆောင်ပေးတော့မှာပါ။ မိမိတို့ရဲ့ ရန်ကုန်-ဒလ မြစ်ကူးခရီးစဉ်ကလဲ စတင်ပါတော့မယ်။ ဒါပေမဲ့ မနက်ခင်းနေရောင်ခြည်အောက်မှာ လှပနေတဲ့ရှုခင်းတွေကိုတော့ ကြည့်ရှုလို့မဝကြသေးပါဘူး။

M L

# လာမဲ့စနေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ ဥရောပပွဲစဉ်တွေထဲက မန်စီးတီးအသင်း၊ အော့ဘတ်အသင်း၊ လာဇီယိုအသင်းတို့ကို အားပေးရမှာပါ




ဒီတစ်ပတ်ကြားရက်မှာ ဥရောပပြိုင်ပွဲတွေထဲက ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေ ခေတ္တရပ်နားခဲ့ပြီး ကွန်းဖရန့်လိဂ်အနေနဲ့ကတော့ နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့ကြပါတယ်။ ဒ့ါပြင် အင်္ဂလန်မှာဆိုရင် လိဂ်ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ချဲလ်ဆီးအသင်းက ကာဒစ်အသင်းကို သုံးဂိုး တစ်ဂိုး၊ မန်စီးတီးအသင်းက ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုးပြတ်၊ နယူးကာဆယ်အသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်ကို တက်ရောက်သွားခဲ့ပြီဖြစ်ကာ လက်ကျန်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ အာဆင်နယ်နဲ့ ပဲလေ့စ်အသင်းတို့ရဲ့ပွဲစဉ်ကိုတော့ ဒီဇင်ဘာ ၂၄ ရက်မှာ ယှဉ်ပြိုင်ကစားမှာပဲဖြစ်ပါတယ်။ ဒ့ါပြင် စပိန်ကိုပါဒယ်ရေးဖလား ၃၂ သင်းဆင့်ပွဲစဉ်တွေလဲ ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်နဲ့ အေတီကိုအသင်းတို့ အခက်အခဲမရှိအနိုင်ရရှိခဲ့ကြပေမဲ့ ဗီလာရီးရဲလ်၊ ဆီဗီလာအသင်းတို့ကတော့ ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ခဲ့ကြပြီး ပြိုင်ပွဲက ထွက်ခွာလိုက်ရပြီဖြစ်ပါတယ်။ အခုလာမဲ့စနေ၊ တနင်္ဂနွေမှာတော့ ပုံမှန်ယှဉ်ပြိုင်ကစားကြမဲ့ပွဲစဉ်တွေရှိနေပေမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေ ခေတ္တရပ်နားမှာဖြစ်ပြီး ပြင်သစ်ကိုပါဒယ်ရေးဖလားပွဲစဉ်တွေသာ ယှဉ်ပြိုင်ကစားကြမှာပဲဖြစ်ပါတယ်။ လက်ရှိဘောလုံးရာသီ ကာလအတွင်း ပြိုင်ပွဲပေါင်းစုံယှဉ်ပြိုင်ကစားနေကြတာဖြစ်ပြီး ပုံမှန်ယှဉ်ပြိုင်ကစားနေတဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ အသင်းအသီးသီးရဲ့စွမ်းဆောင်ရည်တွေက သက်ရောက်မှုဖြစ်ပေါ်နိုင်တယ်ဆိုတာကို ဘောလုံးပရိသတ်တွေအနေနဲ့ သတိထားစောင့်ကြည့်ရမဲ့ကာလပဲဖြစ်ပါတယ်။ဒ့ါကြောင့် အခုတစ်ပတ်မှာ အကြိုက်တွေ့မိတဲ့အသင်းတွေကို ရွေးချယ်သုံးသပ်တင်ပြလိုက်ရပါတယ်။

## မန်စီးတီးအသင်းကို အားပေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မန်စီးတီးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်(၁၇)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်(၁၆)မှာတော့ မန်စီးတီးအသင်းက ကစားရခက်ခဲတဲ့ ပဲလေ့စ်အသင်းကို အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ဝက်စ်ဟမ်းအသင်းကတော့ အေဗီလာအသင်းကို သုံးဂိုး နှစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ မန်စီးတီးအသင်းအနေနဲ့လဲကြားရက်မှာ လိဂ်ဖလားဆီမီးဖိုင်နယ်အဖြစ် ဘရန့်ဖို့ဒ်အသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံခြောက်ပွဲဆက် အနိုင်ရရှိခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲ အဆင့်(၂)နေရာမှာ ရပ်တည်နေပြီး အဆင့်(၁)နေရာက အာဆင်နယ်အသင်းကို ရမှတ်နှစ်မှတ်အကွာနဲ့ဖိအားပေးကစားနေတာဖြစ်သလို လက်ရှိမှာလဲ အသင်းလိုက်စွမ်းဆောင်ရည်က အကောင်းဆုံးလို့ဆိုရမှာပါ။ တိုက်စစ်မှူးဟာလန်း ဂိုးသွင်းယူနေပြီး ဖိုဒန်အနေနဲ့ကလဲ အကောင်းဆုံးခြေစွမ်းပြကစားနေတာဖြစ်လို့ သူတို့အသင်းအနေနဲ့ အခုအိမ်ကွင်းပွဲစဉ်မှာ ဝက်စ်ဟမ်းလိုအသင်းကို အနိုင်ရရှိဖို့ အခက်အခဲမရှိနိုင်တာကိုတွေ့ရမှာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းကတော့ လက်ရှိဘောလုံးရာသီမှာ အသင်းလိုက်စွမ်းဆောင်ရည်ဆိုးရွားနေပြီး ပရီးမီးယားလိဂ်ပွဲစဉ် ၁၆ ပွဲကစားပြီးချိန်မှာ သုံးပွဲနိုင် လေးပွဲသရေ ကိုးပွဲရှုံးရလဒ်နဲ့ တန်းဆင်းဇုန်အတွင်း အဆင့်(၁၈)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီအစမှာ ရလဒ်ပိုင်းဆိုးရွားမှုကြောင့် နည်းပြအပြောင်းအလဲတွေ ပြုလုပ်ခဲ့ပေမဲ့ နည်းပြနူနိုဆန်းတို့လက်ထက်မှာ စွမ်းဆောင်ရည်ပိုင်းပြန်လည်ကောင်းမွန်လာခြင်းမရှိတဲ့အပြင် နောက်ဆုံးငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင် အေဗီလာအသင်းကို ဦးဆောင်ဂိုးတွေ အကြိမ်ကြိမ်သွင်းယူခဲ့ပေမဲ့ ချေပဂိုးနဲ့ အနိုင်ဂိုးတွေပေးခဲ့ရပြီး သုံးဂိုး နှစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကြောင့် အသင်းရဲ့ခံစစ်ပိုင်းက ဆိုးရွားလွန်းနေတယ်လို့ဆိုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလဲ ခံစစ်ပိုင်းက ကိုးဂိုးထိပေးထားရတာကြောင့် တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့ မန်စီးတီးအသင်းနဲ့ အခုပွဲစဉ်မှာ ရလဒ်ပိုင်းကောင်းမွန်ဖို့ ရုန်းကန်ကစားလာရအုံးမှာပါ။ ဒ့ါကြောင့် အခုပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းအနေနဲ့တန်းဆင်းဇုန်က လွတ်နိုင်ဖို့ ကြိုးစားကစားလာအုံးမှာဆိုပေမဲ့ လက်ရှိခြေစွမ်းပိုင်းအသာရနေတဲ့ မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၄ | - | ၅ | မန်စီးတီး |
| မန်စီးတီး | ၃ | - | ၀ | ဆန်းဒါးလန်း |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၂ | မန်စီးတီး |
| ပဲလေ့စ် | ၀ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၀ | ဘရန့်ဖို့ဒ် |

### ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၂ | - | ၂ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၀ | - | ၂ | လီဗာပူး |
| မန်ယူ | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဘရိုက်တန် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၂ | - | ၃ | အေဗီလာ |

## အော့ဘတ်အသင်း နိုင်ပွဲရသွားမှာပါ

နောက်ထပ်ပွဲစဉ်ကတော့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အော့ဘတ်နဲ့ ဝါဒါဘရီမင်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပွဲစဉ်(၁၅)အဖြစ် ယှဉ်ပြိုင်ကစားလာကြမှာဖြစ်ပြီး လက်ရှိမှာ အော့ဘတ်အသင်းက အဆင့်(၁၅)နဲ့ ဝါဒါဘရီမင်အသင်းကတော့ အဆင့်(၁၂)နေရာမှာ အသီးသီးရပ်တည်နေကြမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဖရန့်ဖတ်အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ထားတဲ့အော့ဘတ်အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ပွဲစဉ် ၁၄ ပွဲကစားထားပြီး လေးပွဲနိုင် တစ်ပွဲသရေ ကိုးပွဲရှုံးရလဒ်ရရှိထားပါတယ်။ သူတို့အသင်းအနေနဲ့ တန်းဆင်းဇုန်အတွင်းက အသင်းနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေလို့ ရမှတ်လိုအပ်ချက်ကြောင့် အကောင်းဆုံးကြိုးစားလာခဲ့ပြီး နောက်ဆုံးပွဲစဉ်ငါးပွဲမှာ သုံးပွဲထိရှုံးနိမ့်ခဲ့ကာ လေဗာကူဆင်နဲ့ ဟမ်းဘတ်အသင်းတို့ကိုတော့ အိမ်ကွင်းမှာ နိုင်ပွဲရယူကစားထားနိုင်တာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့နောက်ဆုံး ဖရန့်ဖတ်အသင်းနဲ့ အဝေးကွင်းပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ပေမဲ့ ပွဲချိန် ၆၉ မိနစ်မှာသာ သွင်းဂိုးတစ်ဂိုးပေးခဲ့ရပြီး ရှုံးနိမ့်ခဲ့ရတာကိုကြည့်ရင် သူတို့အသင်းဟာ ခံစစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်းကို အကောင်းဆုံးပြင်ဆင်နိုင်ခဲ့တယ်လို့ ဆိုရမှာပါ။

ဝါဒါဘရီမင်အသင်းကတော့ ရာသီအစပိုင်းမှာ ပွဲစဉ်(၁၀)ထိရလဒ်ပိုင်းနဲ့ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီးနောက်ပိုင်းမှာ ခံစစ်ပိုင်းက ဆိုးရွားလာခဲ့လို့ နောက်ဆုံးလေးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပါတယ်။ သူတို့အသင်းအနေနဲ့ အဲဒီလေးပွဲမှာ လိုက်ပ်ဇစ်၊ ဟမ်းဘတ်နဲ့ စတုဂတ်အသင်းတို့ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ကိုလုံးအသင်းကိုတော့ တစ်ဂိုးစီသရေကစားနိုင်ခဲ့ပါတယ်။ လက်ရှိဘောလုံးရာသီမှာလဲ ပွဲစဉ် ၁၄ ပွဲထိ ကစားခဲ့ကာ လေးပွဲနိုင် လေးပွဲသရေ ခြောက်ပွဲရှုံးရလဒ်ရရှိခဲ့သလို အဝေးကွင်းပွဲစဉ်ခုနစ်ပွဲမှာ တစ်ပွဲသာအနိုင်ရရှိခဲ့တာပါ။ ဒ့ါကြောင့် သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းခြေစွမ်းပိုင်းဆိုးရွားတဲ့အသင်းအဖြစ် ရပ်တည်နေတာကြောင့် နိုင်ပွဲရဖို့ ဖိအားပေးကစားလာမဲ့ အော့ဘတ်အသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနေပါလိမ့်မယ်။ ဒ့ါပြင် ဝါဒါဘရီမင်အသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီ အော့ဘတ်အသင်းနဲ့ တွေ့ဆုံမှုနှစ်ကြိမ်စလုံးမှာ အနိုင်ရရှိခဲ့ခြင်းမရှိဘဲ ဖိအားများအောက်ကျရောက်နေတဲ့အတွက် အခုပွဲစဉ်မှာလဲအော့ဘတ်အသင်းပဲ နိုင်ပွဲရသွားမှာပါ။

### အော့ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၃ | - | ၂ | အော့ဘတ် |
| အော့ဘတ် | ၁ | - | ၀ | ဟမ်းဘတ် |
| ဟော်ဖန်ဟိမ်း | ၃ | - | ၀ | အော့ဘတ် |
| အော့ဘတ် | ၂ | - | ၀ | လေဗာကူဆင် |
| ဖရန့်ဖတ် | ၁ | - | ၀ | အော့ဘတ် |

### ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | ၂ | - | ၁ | ဝုဖ်ဘတ် |
| လိုက်ပ်ဇစ် | ၂ | - | ၀ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၁ | - | ၁ | ကိုလုံး |
| ဟမ်းဘတ် | ၃ | - | ၂ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၀ | - | ၄ | စတုဂတ် |

## လာဇီယိုအသင်းကို အကြိုက်တွေ့မိပါတယ်

အီတလီစီးရီးအေပွဲစဉ်ထဲက ရွေးချယ်မိတဲ့ပွဲစဉ်ကတော့ လာဇီယိုနဲ့ ခရီမိုနန်ဆီအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ လာဇီယိုအသင်းဟာ လက်ရှိဘောလုံးရာသီမှာ စီးရီးအေပွဲစဉ် ၁၅ ပွဲကစားအပြီး ခြောက်ပွဲနိုင် လေးပွဲသရေ ငါးပွဲရှုံးရလဒ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ သူတို့အသင်းအနေနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်နေတယ်လို့ဆိုရမှာဖြစ်ကာ နောက်ဆုံးသုံးပွဲမှာလဲ အေစီမီလန်နဲ့ပါးမားအသင်းတို့ကိုအနိုင်ကစားခဲ့ပြီး ဘိုလော့ဂ်နာအသင်းကို တစ်ဂိုးစီသရေကစားနိုင်ခဲ့ပါတယ်။ အိမ်ကွင်းစွမ်းဆောင်ရည်အနေနဲ့လဲ တစ်ပွဲသာရှုံးနိမ့်ထားပြီး လေးပွဲနိုင် နှစ်ပွဲသရေကျခဲ့တာကြောင့် အိမ်ကွင်းခြေစွမ်းပိုင်းထက်မြက်မှုရှိတယ်လို့ဆိုရမှာပါ။ ဒ့ါပြင် အီတလီဝါရင့်နည်းပြကြီးဆာရီလက်အောက်မှာ အသင်းအနေနဲ့ အကောင်းဆုံးစွမ်းဆောင်ထားနိုင်တယ်လို့ ဆိုရမှာပါ။ ဒ့ါကြောင့် သူတို့အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ခရီမိုနန်ဆီလိုအသင်းကို အဘက်ဘက်က ဖိအားပေးကစားလာပါလိမ့်မယ်။

တန်းတက်ခရီမိုနန်ဆီအသင်းအနေနဲ့လဲ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေသလို အမှတ်ပေးဇယားအဆင့်(၁၅)နေရာမှာရပ်တည်နေတာကြောင့် သူတို့အသင်းရဲ့ကြိုးစားမှုကို အသိအမှတ်ပြုရမှာပါ။ ခရီမိုနန်ဆီအသင်းအနေနဲ့ စီးရီးအေပွဲစဉ်၁၅ ပွဲကစားအပြီးမှာ ငါးပွဲနိုင် ငါးပွဲသရေ ငါးပွဲရှုံးရလဒ်ရရှိထားပြီး နောက်ဆုံးပွဲစဉ်မှာ တိုရီနိုအသင်းကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမဲ့ ဘိုလော့ဂ်နာနဲ့ လက်ချီအသင်းတို့ကို အနိုင်ရရှိခဲ့ပါတယ်။ သူတို့အသင်းဟာ အဝေးကွင်းပွဲစဉ်အနေနဲ့လဲ ပွဲစဉ်ရှစ်ပွဲမှာ သုံးပွဲထိ အနိုင်ရရှိထားပြီး အဲဒီရှစ်ပွဲမှာ ပေးဂိုး ကိုးဂိုးသာရှိထားတာကြောင့် အသင်းကြီးနဲ့ပွဲစဉ်တွေမှာ ခံစစ်ပိုင်းကို ဦးစားပေးကစားတတ်တယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ ခရီမိုနန်ဆီအသင်းအနေနဲ့ လာဇီယိုအသင်းနဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ သုံးကြိမ်စလုံးရှုံးနိမ့်ထားသလို အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းအသာရနေတဲ့ လာဇီယိုအသင်းရဲ့ဖိအားပေးမှုကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့တော့ ခက်ခဲနေအုံးမှာပါ။ ဒ့ါကြောင့် အခုပွဲစဉ်မှာတော့ လာဇီယိုအသင်းကိုအကြိုက်တွေ့မိပါတယ်။

### လာဇီယိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လာဇီယို | ၂ | - | ၀ | လက်ချီ |
| အေစီမီလန် | ၁ | - | ၀ | လာဇီယို |
| လာဇီယို | ၁ | - | ၀ | အေစီမီလန် |
| လာဇီယို | ၁ | - | ၁ | ဘိုလော့ဂ်နာ |
| ပါမား | ၀ | - | ၁ | လာဇီယို |

### ခရီမိုနန်ဆီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပီဆာ | ၁ | - | ၀ | ခရီမိုနန်ဆီ |
| ခရီမိုနန်ဆီ | ၁ | - | ၃ | ရိုးမား |
| ဘိုလော့ဂ်နာ | ၁ | - | ၃ | ခရီမိုနန်ဆီ |
| ခရီမိုနန်ဆီ | ၂ | - | ၀ | လက်ချီ |
| တိုရီနို | ၁ | - | ၀ | ခရီမိုနန်ဆီ |

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၄၅၄ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၅၄၅၄ ကေ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၆၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၅၄၅၄ ကေ ရိတ်သိမ်း ပြီးစီးပြီး တစ်ဧကလျှင် ၈၄ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါး ၁၃၆၉၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေ အနေနဲ့စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေးအသိပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်တိုးချဲ့ စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့ စိုက်ပျိုးနိုင်ရန်ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွ(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၈**


မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုခွကျေးရွာအုပ်စု ကုက္ကိုခွ(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ထားသော လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ပရဟိတစိတ်ဖြင့် ကိုယ်ကျိုးအတွက် မကြည့်ဘဲ ရပ်ရွာအကျိုး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများကို စနစ်တကျ ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် အကျိုးဝင်သော အသေးစားစီးပွားရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နှဲ့ယဉ်









## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်သစ်ရပ်ကွက်နေ **ဦးထိန် + (ဒေါ်ပြုံး)တို့၏သားလတ် ဦးခိုင်ရှမ်းမိုး(၉/ခအဇ(နိုင်)၀၃၀၀၇၃)သည်** မိမိ၏ သဘောဆန္ဒအလျောက်ပြုလုပ်နေခြင်းများနှင့်ပတ်သက်ပြီး ငွေကြေးဆိုင်ရာပြဿနာကိစ္စများ၊ မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးအကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းများရှိခဲ့ပါသည်။ ထိုပြဿနာကိစ္စရပ်အမျိုးမျိုးတို့ကို မိသားစုဝင်မှ အကြိမ်ကြိမ်ဖြေရှင်းခဲ့ပြီးနောက် **၁၅ -၁၂-၂၀၂၅ တွင်** နောက်ဆုံးအကြိမ်အဖြစ်လည်း ဖခင်ဦးထိန်မှ ထပ်မံ၍ ငွေကြေးဆိုင်ရာပြဿနာကိစ္စများကို တာဝန်ယူဖြေရှင်းဆောင်ရွက်ခွင့်လွှတ်ပြီးဖြစ်ပါသောကြောင့် ဦးခိုင်ရှမ်းမိုးနှင့်ပတ်သက်သည့် နောက်ထပ်မည်သည့်ကိစ္စတိုင်းကိုမဆို မိသားစုဝင်မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မိသားစုဝင်များနှင့်လည်း **လုံးဝ(လုံးဝ)** မသက်ဆိုင်ပါကြောင်း အများသူငှာသိရှိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**ဦးထိန်(၉/ပသက(နိုင်)၀၀၈၇၃၅)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၆)၊ Grade-8 တွင် ပညာသင်ကြားနေသော မဖူးပွင့်ခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖိုးသိန်းဖြစ်ပါကြောင်း။

**ဦးဖိုးသိန်း(၉/ခမစ(နိုင်)၀၈၂၇၈၅)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၃၉ (ရုံးချိန်အတွင်း)

## မန္တလေးမြို့တွင် "Modern Business Transformation 2026" ခေါင်းစဉ်ဖြင့် လာမည့် ဒီဇင်ဘာ(၂၁)ရက်နေ့တွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည်။

Civic Development Center (CDC) မှ ကြီးမှူးကျင်းပပြီး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် စသည့်မြို့ကြီး(၃)မြို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ပထမဆုံးအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၁ ရက်၊ ၂၀၂၅ခုနှစ်တွင် မန္တလေးမြို့ရှိ Hotel Sakura Princess ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




စီးပွားရေးလုပ်ငန်းရှင်များနှင့် စီမံခန့်ခွဲသူများအတွက် ရည်ရွယ်ကျင်းပသည့် ယင်းဆွေးနွေးပွဲကို နံနက် ၉:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအထိ တစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး လုပ်ငန်းရှင်ပေါင်း (၂၀၀) ကျော် တက်ရောက်မည်ဖြစ်သည်။

ဦးဆောင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များမှာ နာမည်ကျော် စီးပွားရေးပညာရှင်များဖြစ်ကြသော စာရေးဆရာ ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ) နှင့် ဆရာကျော်ဇေ (The HR Hub)တို့မှ ဦးဆောင်ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည်။ လုပ်ငန်းများအတွက် အနာဂတ်စီးပွားရေးလမ်းကြောင်းကို ဖော်ဆောင်နိုင်ရန်နှင့် ခေတ်နှင့်အညီ အရှိန်အဟုန်မြှင့်ပြောင်းလဲတိုးတက်နိုင်ရန် ရည်ရွယ်သော ဤအလုပ်ရုံဆွေးနွေးပွဲ၏ လက်မှတ်ဈေးနှုန်းမှာ ၁၈၀,၀၀၀ ကျပ်ဖြစ်ကြောင်း စီစဉ်သူများထံမှ သိရသည်။

စိတ်ဝင်စားသူများအနေဖြင့် Civic Development Center (CDC) Facebook Page သို့မဟုတ် ဖုန်း- 09250091028 ၊ 09797737250၊ 09968533302 သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

❖ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီးထိန်းသိမ်းကြရမည့်အမွေအနှစ်များပင်ဖြစ်...

❖ အမျိုးသားယဉ်ကျေးမှုမြင့်မားလေလေ နိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်နိုင်မည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ပြုလုပ်သော ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ်အခမ်းအနား ကျင်းပ





နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ရန်ကုန်စီးပွားရေး တက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)၏ ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတက္ကသိုလ်ဝင်း အတွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်အောင်စန်း၊ဒေါက်တာကံဇော်၊ ဒေါက်တာချောချောစိန်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ရဟန်းသံဃာများ၊ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုတံဆိပ်များ ထပ်မံရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များက ယနေ့ကျင်းပခဲ့သည့် အားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုတံဆိပ်များထပ်မံဆွတ်ခူးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သည့် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို ရိုးရာလှေ(နဂါး) မီတာ ၂၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်၊ မီတာ ၂၀၀ အမျိုးသား ၁၀ တက်လှေလှော်ပြိုင်ပွဲတွင် ကြေးတံဆိပ်၊ အမျိုးသမီးလေးယောက်တွဲပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ကြေးတံဆိပ်၊ ရွက်လှေပြိုင်ပွဲတွင် ကြေးတံဆိပ်၊ ကစ်ဘောက်ဆင် အမျိုးသမီး ၅၇ကီလိုတန်းတွင် ဆုမြတ်နိုးက

စာမျက်နှာ ၁၈ ကော်လံ ၁ ❖




ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅

ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ

ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန်
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု